မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၂ ရက်၊ ၂၀၀၆ ခုနှစ်၊ ဧပြီ ၁၄ ရက်၊ သောကြာနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၉၆)

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရောဝတီတံတား(ရတနာပုံ) တည်ဆောက်ပြီးစီးမှု ကြည့်ရှု သတ်မှတ်ချိန်အမီ ပြီးစီးရေးမှာကြား

ရန်ကုန် ဧပြီ ၁၃

မန္တလေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၁၀ ရက် နံနက် ၇ နာရီ မိနစ် ၂၀ တွင် မန္တလေးမြို့ နန်းမြို့ဧည့်ရိပ်သာမှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာ မန္တလေးဘက်ကမ်း စစ်ကိုင်းတံတားထိပ်မှ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုကြပြီး ဆက်လက်ထွက်ခွာလာရာ နံနက် ၈ နာရီတွင် စစ်ကိုင်းမြို့ *စာမျက်နှာ ၁၂ ကော်လံ ၁* ✡

ချဉ်းကပ်လမ်း ခင်းကျင်းနေမှု

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရောဝတီတံတား(ရတနာပုံ) ချဉ်းကပ်လမ်း ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

၁၃၆၇ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်အကြိုနေ့ ရေကစားမဏ္ဍပ်နှင့် ပျော်ပြေရေးမဏ္ဍပ်များဖွင့်လှစ် မြို့နယ်အသီးသီး၌ အတာရေများ ပျော်ရွှင်စွာ ပက်ဖျန်း

ရန်ကုန် ဧပြီ ၁၃

ယနေ့သည် ၁၃၆၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်အကြိုနေ့ဖြစ်သည်။

မဟာသင်္ကြန်အကြိုနေ့တွင် ရန်ကုန်မြို့ရှိ ရေကစားမဏ္ဍပ်များနှင့် ဖျော်ဖြေရေးမဏ္ဍပ်ဖွင့်ပွဲများကို ယနေ့မွန်းလွဲပိုင်းမှစတင်၍ သက်ဆိုင်ရာမဏ္ဍပ်များ၌ ကျင်းပကြပြီး အတာရေများ စတင်ပက်ဖျန်းကြသည်။

နှိုးဆော်ထား

၁၃၆၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု အဆုံးအမနှင့် ဖီလာဆန့်ကျင်သည့်အပြုအမူ၊ ပြောဆိုမှုများမပြုလုပ်ရန်၊ အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် *စာမျက်နှာ ၈ ကော်လံ ၁* ■

မင်္ဂလာရှိစွာ ဆင်နွှဲပါ သင်္ကြန်ပွဲတော်မဟာ

မဟာသင်္ကြန်အထူးသတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း

ရန်ကုန် ဧပြီ ၁၃

၁၃၆၇ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူး သင်္ကြန်ပွဲတော်ကို တစ်နိုင်ငံလုံးတွင် ခြိမ့်ခြိမ့်သဲကျင်းပနေပြီဖြစ်သည်။ လူငယ်၊ လူရွယ်နှင့် လူကြီးများပါမကျန် ပျော်ရွှင်ကြည်နူးရသော သင်္ကြန်၊ အစဉ်အလာမပျက် နှစ်စဉ်ကျင်းပ ဆင်နွှဲရသည့် သင်္ကြန်၊ ရွှင်လန်းအေးချမ်းရသော သင်္ကြန်ပွဲတော်ပင်ဖြစ်သည်။

သင်္ကြန်ပျော်

သင်္ကြန်ပျော်တို့ ရေကစားကြပြီ ဖြစ်သကဲ့သို့ မော်တော်ယာဉ်များဖြင့်လည်း ရေပက်ခံထွက်ကြလေပြီ။ ယခုနှစ်သင်္ကြန်မဏ္ဍပ်များတွင် ရေပန်းများ ထည့်သွင်းပက်ဖျန်းသဖြင့် သင်္ကြန်မဏ္ဍပ်များသို့ ရောက်ရှိသူတိုင်း ရေတွေရွှဲရွှဲစိုရသည်။ သင်္ကြန်ပျော်တို့ အကြိုက်ပင်။

စည်ကား

ရေပက်ခံမော်တော်ယာဉ်များပေါ်မှ ရေရွှဲရွှဲစိုကာ ပျော်ရွှင်စွာ ရေပက်ခံထွက်သူများကို မြင်တွေ့ရသည်မှာ အပျော်ရင်သို့ ကူးစက်လေသည်။ ကြမ်းတမ်းသော အပြုအမူ၊ အပြောအဆိုနည်းပါးစွာဖြင့် ရေကစားနေကြသူများ နှစ်စဉ်တိုးပွားလာသဖြင့် သင်္ကြန်ပွဲတော်သည် တစ်နှစ်ထက်တစ်နှစ် စည်ကားလာကာ ပျော်ရွှင်စရာကောင်းလာသည်။

သင်္ကြန်အက

ဖျော်ဖြေရေးမဏ္ဍပ်များထက်တွင်လည်း သင်္ကြန်ယိမ်းအကများက မရိုးနိုင်စရာ မြင်တွေ့ခံစားရပြီဖြစ်သည်။ သင်္ကြန်ယိမ်းအကနှင့် *စာမျက်နှာ ၆ ကော်လံ ၃* ❒

၁၃၆၇ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်အကြိုနေ့က အနော်ရထာလမ်းမကြီးတစ်လျှောက် ဤသို့ ပျော်ရွှင်စွာ ရေပက်ကစားကြသည်။

(မြန်မာ့အလင်း)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

အယ်ဒီတာ အာဘော်

(၂၀၀၆ ခုနှစ်၊ ဧပြီလ ၁၄ ရက်)

လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ခြံစည်းရိုးကြက်ဆူပင်များ အရှိန်အဟုန်ဖြင့် တိုးချဲ့စိုက်ပျိုး

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် နိုင်ငံသူနိုင်ငံသားများ၏ စားနပ်ရိက္ခာဖူလုံပြည့်စုံရေးအတွက်သာမက နိုင်ငံတော်၏စီးပွားရေး တိုးတက်ဖြစ်ထွန်းမှုကိုပါ ဖော်ဆောင်ဖြည့်ဆည်းပေးနေသော ထုထည်ပမာဏ ကြီးမားခိုင်ခံ့သည့် အခြေခံအကျဆုံး ကုန်ထုတ်လုပ်ငန်းကြီးတစ်ရပ်ဖြစ်သည်။

နိုင်ငံတော်၏ အခြေခံအကျဆုံးသော စီးပွားရေးကဏ္ဍဖြစ်သည့်အပြင် နိုင်ငံသူနိုင်ငံသား အများစုဖြစ်သည့် တောင်သူလယ်သမားကြီးများ အပါအဝင် ကျေးလက်ပြည်သူတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သော လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်အောင်မြင်ရေးအတွက် မြေသယံဇာတ၊ ရေသယံဇာတများကို အစွမ်းကုန် အသုံးချနိုင်စေရေး၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာများရရှိရေးနှင့် စက်မှုစိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေးတို့ကို နိုင်ငံတော်က အထူးအားပေးဆောင်ရွက်လျက်ရှိသည်။

လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေးတွင် အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်သော စွမ်းအင်ကဏ္ဍတွင်လည်း မြန်မာနိုင်ငံ၌ အလေ့ကျပေါက်ရောက်နေသည့် ခြံစည်းရိုးကြက်ဆူပင်မှ ဇီဝလောင်စာဆီ ထုတ်လုပ်နိုင်သော စွမ်းရည်နှင့်နည်းပညာကို ဖော်ထုတ်နိုင်ခဲ့ပြီးဖြစ်သဖြင့် ခြံစည်းရိုးကြက်ဆူပင်များ တစ်နိုင်ငံလုံးတွင် အလုံးအရင်းဖြင့် စိုက်ပျိုးထုတ်လုပ်သွားရန် နိုင်ငံတော်က အားပေးဆောင်ရွက်နေပြီဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဧပြီလ ၁၁ ရက်နေ့ နံနက်ပိုင်းက တောင်ကြီးမြို့နယ် ကွန်လုံကျေးရွာအုပ်စု ရေပူကျေးရွာ အနောက်ဘက်ရှိ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်၏ ကျောက်နီဘက်စုံ စိုက်ပျိုးမွေးမြူရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက-

"ခြံစည်းရိုးကြက်ဆူပင်များကို ပြည်နယ်အတွင်းရှိ မြို့နယ်တိုင်း၌ တစ်မြို့နယ်လျှင် တစ်ရွာကျ တိတိကျကျသတ်မှတ်၍ စံပြအဖြစ် ခြံစည်းရိုးကြက်ဆူပင် စနစ်တကျစိုက်ပျိုးသွားရေး၊ ယင်းသို့စံပြအဖြစ် စိုက်ပျိုးသောရွာများ၏ ခြံစည်းရိုးကြက်ဆူပင်မှ ဘိုင်အိုဒီဇယ် ထုတ်လုပ်၍ လက်တွေ့အသုံးချ အောင်မြင်မှုများကို လက်တွေ့ပြသသွားရေး၊ မြေလွတ်မြေရိုင်းများ၌ ခြံစည်းရိုးကြက်ဆူပင်များကို ဧကထောင်သောင်းချီ၍ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးသွားရေး၊ သုတေသနလုပ်ငန်းများကို ပူးတွဲဆောင်ရွက်သွားရေး"

တို့ကို မှာကြားခဲ့သည်။

ကျောက်နီဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းတွင် နှစ်ရှည်သီးနှံများဖြစ်သည့် စိန်တလုံးသရက်၊ သစ်ဆိမ့်၊ တညင်း၊ လိုက်ချီး၊ ပျားလိမ္မော်၊ ဆိုးဆေးပင်နှင့် ရော်ဘာပင်များ စိုက်ပျိုးထားရှိသည်။ စိန်တလုံးသရက်ပင် အပင်တစ်သောင်းစိုက်ပျိုးထားရာ အောင်မြင်ရှင်သန်လျက်ရှိသည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေရှိ တပ်ရင်းတပ်ဖွဲ့များတွင် ခြံစည်းရိုးကြက်ဆူပင်များကို နှစ်အလိုက် စိုက်ဧကလျာထားချက်အတိုင်း ပြည့်မီအောင် ကြိုးပမ်းစိုက်ပျိုးလျက်ရှိကြသည်။

ဗထူးတပ်နယ်အတွင်း၌လည်း ခြံစည်းရိုးကြက်ဆူပင်များကို ဧက ၂၀၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ်တွင် ဧက ၁၀၀၀ခန့် စိုက်ပျိုးထားပြီးဖြစ်သည်။ ထို့အပြင် ဝင်ငွေရရှိသော စိန်တလုံးသရက်ပင် ဧက ၁၃၀၀၀ စိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရသည်။

ကြက်ဆူဆီ(ဇီဝလောင်စာဆီ)သည် စက်မှုလယ်ယာစနစ်ဖြစ်ထွန်းရေး၊ ကျေးလက်သုံး လျှပ်စစ်နှင့် စွမ်းအင် လိုအပ်ချက်ဖြည့်ဆည်းရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် သွင်းကုန်အစားထိုးရေးတို့အတွက် အထူးအသုံးဝင်သည်။

သို့ဖြစ်ရာ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည့် ဇီဝလောင်စာဆီ ထုတ်ယူရရှိနိုင်သော ခြံစည်းရိုးကြက်ဆူပင်များကို တောင်သူလယ်သမားကြီးများအပါအဝင် ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများအားလုံးက အရှိန်အဟုန်ဖြင့် တိုးချဲ့စိုက်ပျိုးထုတ်လုပ်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်းစစ် ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ များနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များအား ခြံစည်း ရိုးကြက်ဆူ မျိုးစေ့များကို ပျိုး ထောင်ရန် ဝေငှပေးစဉ်။ (သတင်းစဉ်)

ရန်ကုန်အနောက်ပိုင်းခရိုင် ခြံစည်းရိုးကြက်ဆူပင် ပျိုးပွဲတော်ကျင်းပ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်ပျိုးထောင်ပေး

ရန်ကုန် ဧပြီ ၁၃

ရန်ကုန်အနောက်ပိုင်းခရိုင် ကျောက်တံတားမြို့နယ်၊ ပန်းဘဲတန်းမြို့နယ်၊လသာမြို့နယ်၊ လမ်းမတော် မြို့နယ်နှင့် ဆိပ်ကမ်းမြို့နယ်တို့၏ ခြံစည်းရိုးကြက်ဆူပင် ပျိုးပွဲတော် အခမ်းအနားကို ဧပြီ ၁၁ ရက် နံနက် ၇ နာရီခွဲက ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ပြည်လမ်းထောင့်ရှိ မြို့နယ်စိုက်ကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းနှင့်ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေတို့ တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့များ ပျိုးထောင်ပေးကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက အမှာစကားပြောကြားသည်။

ဝေငှပေး

ထို့နောက် တိုင်းမှူးဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့်ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေတို့က ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ ကျောက်တံတားမြို့နယ်၊ ပန်းဘဲတန်းမြို့နယ်၊ လသာမြို့နယ်၊ လမ်းမတော်မြို့နယ်နှင့်ဆိပ်ကမ်းမြို့နယ်များမှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား ခြံစည်းရိုးကြက်ဆူမျိုးစေ့များ ပျိုးထောင်ရန်အတွက် ဝေငှပေးသည်။

ယင်းနောက် တိုင်းမှူး၊ ဇနီးနှင့် ဧည့်သည်တော်များသည် ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် ပျိုးကိုင်းများကို ပျိုးအိတ်များအတွင်း ထည့်သွင်း ပျိုးထောင်ပေးကြသည်။

လိုက်လံကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူး၊ဇနီးနှင့် ဧည့်သည်တော်များသည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၏ ခြံစည်းရိုးကြက်ဆူ ပျိုးခင်းနှင့် ပျိုးဥယျာဉ်များအတွင်း ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ခြံစည်းရိုးကြက်ဆူပင် စပေါင်းပျိုးထောင်နေမှုကို လည်းကောင်း၊ ခရိုင်အတွင်းရှိ မြို့နယ်များအလိုက် ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်စိုက်ပျိုးပြီးစီးမှု မှတ်တမ်းဓာတ်ပုံများကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ပြသထားသည့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေး နည်းပညာပေးမှတ်တမ်းဓာတ်ပုံများနှင့် ပြကွက်ကို လည်းကောင်း၊ ခရိုင်မှ စုဆောင်းထားရှိသော ခြံစည်းရိုး ကြက်ဆူမျိုးစေ့ ၁၁၀ဒသမ ၄၇တင်းကို လည်းကောင်း လိုက်လံကြည့်ရှုအားပေးကြပြီး ပျိုးပွဲတော် အထိမ်းအမှတ်အဖြစ် ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပျိုးထောင်ခဲ့

ရန်ကုန်အနောက်ပိုင်းခရိုင် အနေဖြင့် ယမန်နေ့အထိ ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့၂၁၂၀၉၄၀နှင့် ပျိုးကိုင်း ၆၉၇၈၇ စုဆောင်းရရှိထားပြီး ယင်းအနက် မျိုးစေ့ ၄၆၆၁၆၇နှင့် ပျိုးကိုင်း၆၉၇၈၇ ပျိုးထောင် စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် ယမန်နေ့ကကျင်းပသည့် အခမ်းအနားတွင် မျိုးစေ့၂၂၉၀၀ ပျိုး ထောင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွယ်လွန်သူ ခင်ပွန်းဦးထွန်းလင်းနှင့် သားကြီးမောင်သိန်းနိုင်မြင့်တို့အားရည်စူး၍ အမှတ်(၁၀)ပြည်လမ်း၊ ၉ မိုင်၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ခင်ညွန့်နှင့် သားသမီးမြေးမြစ်တစ်စုက ဗဟန်းမြို့နယ် ဓီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူးဦးမောင်မောင် လက်ခံယူစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၁၄-၄-၂၀၀၆
(သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
- ၇း၁၅ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၄၅ ၈။ ခါသကြာန်အဆိုအကများ
- ၇း၅၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
- ၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၂၀ ၅။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၃၀ ၆။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄း၃၅ ၇။ ခါသကြာန်အဆိုအကများ
- ၄း၄၀ ၈။ မျိုးချစ်တပ်မတော်
- ၄း၅၀ ၉။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅း၂၀၁၀။ ခါသကြာန်အဆိုအကများ
- ၅း၄၅၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀၁၃။ နိုင်ငံတကာသတင်း
- ၆း၂၀၁၄။ မိုးလေဝသ သတင်း
- ၆း၂၅၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၄၀၁၆။ လျှပ်တစ်ပြက်
- ၇း၀၀၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၅)
- ၈း၀၀၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ Goals Show
- ၂၁။ စိုက်ပျိုးသုတ
- ၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တရားစီရင်ထုံး"** (အပိုင်း-၂၄)

စွမ်းအင်နည်းပညာသစ်များ ရှာစို့လား

လောင်စာစွမ်းအင်ဟာ စွမ်းအားပဲဖြစ်ပါတယ်။ မူလပင်မ အကြီးမားဆုံးစွမ်းအင်ဟာ နေရောင်ခြည်သာဖြစ်တယ်။ နေရောင်ခြည်ကြောင့် သတ္တဝါတွေ၊ သစ်ပင်တွေ အသက်ရှင်ကြတာဖြစ်ပြီး နေရောင်ခြည်ကြောင့်ပဲ မိုးရွာပြီး ချောင်းမြောင်း အင်းအိုင်တွေဖြစ်ပေါ်ရတာဖြစ်တယ်။ နှစ်စဉ်နှစ်တိုင်း နေရောင်ခြည်ကြောင့် ကုဗကီလိုမီတာလေးသိန်းကျော် ထုထည်ရှိတဲ့ရေတွေဟာ အငွေ့ပျံပြီး ကမ္ဘာကြီးပေါ်ကို မိုးနဲ့ ဆီးနှင်းအဖြစ် ပြန်ကျလာကြတယ်။ ဒါကြောင့် ရေဟာလဲ စွမ်းအင်တစ်ရပ်ဖြစ်လာတယ်။

ဒါ့အပြင် နေရဲ့အပူရှိန်ကြောင့်ပဲ လေတိုက်ခတ်မှုဆိုတာ ဖြစ်ပေါ်လာတယ်။ ဒါကြောင့် လေဟာလဲ စွမ်းအင်တစ်ရပ်ဖြစ်လာတယ်။

ရှေးအကျဆုံး စွမ်းအင်ထုတ်လုပ်မှုကတော့ ထင်းပဲဖြစ်မှာပါပဲ။ အပူရရှိဖို့၊ ချက်ပြုတ်ဖို့ လူသားတွေက "မီး"ကို စတင်တွေ့ရှိရာမှာ ထင်းကိုအသုံးပြုခြင်းက စတာပါပဲ။ ဒီတော့ ထင်း ဘယ်ကဖြစ်ပေါ်လာသလဲ။

နေရောင်ခြည်ကြောင့် သစ်ပင်များပေါက်လာပါတယ်။ သစ်ပင်များဟာ နေရောင်ခြည်ကရတဲ့အပူရှိန် သို့မဟုတ် စွမ်းအင်ကို ပင်စည်အတွင်းမှာ သိုလှောင်ထားကြတယ်။ အဲဒီအပင်တွေကို မီးရှို့တဲ့အခါ စွမ်းအင်ဟာ နေကယူထားတဲ့ ပမာဏအတိုင်း ပြန်ထွက်လာတယ်။

နေရောင်ခြည်စွမ်းအင်ကြောင့် ရှင်သန်ပေါက်ဖွားခဲ့ကြတဲ့ သစ်ပင်တွေနဲ့ သတ္တဝါတွေဟာ ရေဖုံးလွှမ်းတာတွေ၊ မြေပြိုတာတွေကြောင့် မြေကြီးအောက်ကို တဖြည်းဖြည်း နက်နက်ရှိုင်းရှိုင်း ရောက်ရှိသွားပြီး နှစ်သန်းပေါင်းများစွာကြာတဲ့အခါ မြေကြီးရဲ့ဖိအားနဲ့ ဘူမိအပူစွမ်းအင်ကြောင့် ရုပ်ကြွင်းလောင်စာတွေ ဖြစ်လာတယ်လေ။ အဲဒါတွေကတော့ ရေနံ၊ သဘာဝဓာတ်ငွေ့ စတာတွေပဲဖြစ်တယ်။ ဒီလောင်စာတွေကို လူသားတွေက အချိန်တိုအတွင်း အမြောက်အမြားထုတ်ယူသုံးစွဲကြတယ်။ ဒီလောင်စာတွေဖြစ်တည်ဖို့က နှစ်သန်းပေါင်းများစွာ ကြာတာကြောင့် ရုပ်ကြွင်းလောင်စာတွေဟာ အလျင်မီအောင် အစားမထိုးနိုင်ဘဲ ကုန်ခန်းသွားကြမှာပဲ ဖြစ်တယ်ဆိုတာကို သိရှိဖို့လိုပါတယ်။

ထင်းကရတဲ့အပူရှိန်ဟာ စွမ်းအင်ဖြစ်တယ်။ စက်တွေကို မောင်းနှင်နိုင်တဲ့ စွမ်းအားဖြစ်လာတယ်။ နောက်ပိုင်းတော့ ထင်းထက်မာကျောတဲ့ ကျောက်မီးသွေးကို သုံးစွဲလာကြပြန်ပါတယ်။

တစ်ချိန်တုန်းက မြန်မာနိုင်ငံမှာ ထင်းလောင်စာသုံးတဲ့ မီးရထားရှိခဲ့ပါတယ်။ မီးပေါင်ကျတဲ့နေရာ ထိုးရပ်တယ်။ နောက်တော့ ကျောက်မီးသွေးကို သုံးတယ်။ တကယ်တော့ အပူဓာတ်ကို ယူတာပါပဲ။ အပူဓာတ်ကြောင့် ရေကိုအငွေ့ပျံစေပြီး ရေနွေးငွေ့နဲ့ အင်ဂျင်ကို မောင်းနှင်ခဲ့တာ လူတိုင်းအသိပါ။

ယနေ့ကမ္ဘာပေါ်မှာ ရေနံထက်စာရင် ကျောက်မီးသွေးအများအပြား ကျန်ပါသေးတယ်။ ဒါပေမယ့် လေထုညစ်ညမ်းမှုများတယ်။ တိုးတက်လာတဲ့ နည်းပညာသုံးပြီး ဆိုးကျိုးတွေကိုပယ်လိုက်ရင်တော့ ကျောက်မီးသွေးသုံး မီးရထားတွေ ဖြစ်ပေါ်လာဦးမှာပါ။

မီးရထားဆိုတဲ့ စကားကနေ ရထားလို့ မီးကိုဖြုတ်ပြီး အခေါ်အဝေါ် ပြောင်းလာတာကတော့ ကျောက်မီးသွေးအစား ရုပ်ကြွင်းလောင်စာဆီကို သုံးလိုက်လို့ မီးကိုမမြင်ရတော့တာကြောင့် ဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် အင်ဂျင်မှန်သမျှ အပူစွမ်းအင်ကို အသုံးပြုတာကြောင့် အတွင်းမှာ မီးလောင်ပေါက်ကွဲမှု ရှိတာချည်းပါပဲ။

ရုပ်ကြွင်းလောင်စာဆီထက်စာရင် ကျောက်မီးသွေးက အများအပြားကျန်သေးတာမို့ ယနေ့ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားစက်ရုံတွေဟာ ခေတ်မီနေတုန်းပဲလေ။ မြန်မာနိုင်ငံ တီကျစ်မှာတောင် တည်ထားပြီးပြီကော။

ကျောက်မီးသွေးအစား နေရာယူလာတာကတော့ ရေနံပေါ့။ ကျောက်မီးသွေးထက် လေထုညစ်ညမ်းမှုနည်းပေမယ့် အသုံးများလွန်းတာကြောင့် ယနေ့ရေနံဟာ ကမ္ဘာ့လေထုညစ်ညမ်းမှုရဲ့ အဓိကတရားခံဖြစ်လို့ လာပါတယ်။

ရုပ်ကြွင်းလောင်စာဆီက အပြည့်အဝ မီးမလောင်တဲ့အတွက် ဟိုက်ဒရိုကာဗွန်တွေ ထွက်လွန်းတယ်။ နိုက်ထရိုဂျင်အောက်ဆိုဒ်တွေ ထွက်တယ်။ ကာဗွန်မိုနောက်ဆိုဒ်တွေထွက်တယ်။ လေထုထဲကို ခဲမှုန်တွေ ပျံ့လွင့်စေတယ်။ ထွက်လာတဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်တွေ ဟာ သစ်ပင်တွေအတွက်လိုအပ်ပေမယ့် လိုတာထက် ပမာဏ ကြီးကြီးမားမား ပိုထွက်လာတော့ မှန်လုံအိမ်အာနိသင်ဆိုတာ ဖြစ်လာတယ်။

မှန်လုံအိမ် အာနိသင်ဆိုတာ ဘာလဲ။ နေရောင်ခြည်စွမ်းအင်မှာ လှိုင်းတိုရောင်ခြည်တွေပါတယ်။ မှန်လုံအိမ်တွေထဲကို လွယ်ကူစွာ ဖြတ်နိုင်တယ်။ လှိုင်းတိုရောင်ခြည်တွေနဲ့ထိတွေ့တဲ့ မြေကြီး၊ သစ်ပင် စတာတွေဟာ အပူစွမ်းအင်ထုတ်လွှတ်ပါတယ်။ အပူစွမ်းအင်မှာ လှိုင်းရှည်တစ်ခုပါပြီး မှန်ကို မဖြတ်နိုင်ပါ။ ဒါကြောင့် သူက အပူဓာတ်ကို မှန်လုံအိမ်ထဲမှာပဲ ကျန်ရှိနေစေတယ်။ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ဟာလဲ ကမ္ဘာမြေကြီးပေါ်ကို ရောင်ခြည်စွမ်းအင် ထုတ်လွှတ်ပေးတယ်။ အဲဒီရောင်ခြည်ဟာ မှန်လုံအိမ်အကြောင်းအရာနဲ့တူလို့ အပူကိုပြန်မထုတ်နိုင်ဘဲ ကမ္ဘာကြီးကို ပူနွေးလာစေတယ်။ ကမ္ဘာကြီးရဲ့ ရေအပူချိန်တွေ၊ လေအပူချိန်တွေပြောင်းပြီး ရာသီဥတုဖောက်ပြန်မှုတွေ ဆိုးဆိုးရွားရွား ဖြစ်ပေါ်လာတာပေါ့။

ရုပ်ကြွင်းလောင်စာတွေသုံးခြင်းဟာ လေထုကိုသာမက ရေထုကိုလဲ ညစ်ညမ်းစေပါတယ်။ စက်ရုံတွေကစွန့်ပစ်တဲ့ ရေဆိုးတွေ၊ ရေယာဉ်တွေက ဖိတ်ကျမှုတွေ၊ ရေနံတင်သင်္ဘောနစ်မြုပ်မှုတွေကြောင့် ရေထုညစ်ညမ်းပြီး ရေနေသတ္တဝါတွေ သေကျေပျက်စီးကြရတယ်။ ကုန်းနေသတ္တဝါတွေလဲ အသက်တိုကြရတယ်။

ဒါ့အပြင် ဆာလ်ဖာပါဝင်တဲ့ လောင်စာတွေကြောင့် လေထုထဲကို ဆာလ်ဖာဒိုင်အောက်ဆိုဒ်တွေ ရောက်ကုန်တယ်။ ဒါကြောင့် အက်စစ်မိုးတွေ ရွာတယ်။ သတ္တဝါနဲ့ အပင်တွေရဲ့ ရှင်သန်မှုအားလုံးကို အန္တရာယ်ပေးနေတယ်။ မြေအောက်လျှပ်စစ်စွမ်းအားစက်ရုံဆိုတာလဲ မြေကြီးရဲ့အပူစွမ်းအားက လျှပ်စစ်ထုတ်လုပ်တာမို့ မြေအောက် အနည်အနှစ်တွေကို အပူပေးတဲ့အခါ ဟိုက်ဒရိုဂျင်ဆာလ်ဖိုက်တွေ ထွက်တာပါပဲ။ ဒါ့ကြောင့် အက်ဆစ်မိုး ဖြစ်ပေါ်စေမှာပဲလေ။

နျူကလီးယားစွမ်းအင်ဆိုတာ အိုင်းစတိုင်းရဲ့ $E=MC^2$ ညီမျှခြင်းအရ E က Energy(စွမ်းအင်)၊ M က Mass(ဒြပ်ထု)၊ C က Speed of Light (အလင်းရဲ့အလျင်)ဖြစ်ပြီး အလွန်သေးငယ်တဲ့ ဒြပ်ထုဟာ အလွန်ကြီးမားတဲ့ ပြိုကွဲခြင်းကြောင့် စွမ်းအင်ကို ထုတ်လွှတ်တာပါပဲ။ နျူကလီးယားဓာတ်ပေါင်းဖိုတစ်ခုမှာ သန်းပေါင်းများစွာရှိတဲ့ ယူရေနီယံအက်တမ်တွေဟာ စက္ကန့်နဲ့အမျှ အလွန်သေးငယ်ပြီး မြောက်မြားလွန်းတဲ့ ဒြပ်ဝတ္ထုများအဖြစ် ကွဲထွက်ဖြစ်ပေါ်နေစေတာ ဖြစ်တယ်။ တုံ့ပြန်ပြိုကွဲမှုတစ်ခုဟာ ကြီးမားတဲ့ ဓာတုတုံ့ပြန်မှုထက် အဆပေါင်း သန်းနှစ်ဆယ်ထက်ပိုတဲ့ စွမ်းအင်ကိုထုတ်လုပ်နိုင်ပါတယ်။

မျိုးသာခင်

ယူရေနီယံဆိုတာ ပင်ကိုသဘာဝကိုက ဓာတ်ရောင်ခြည်ဖြာထွက်နေတဲ့ ဒြပ်ဝတ္ထုဖြစ်တယ်။ မြေအောက်က တူးဖော်ရရှိတာဖြစ်ပြီး အိုင်ဆိုတုပ်အမှုန်တွေလို့ခေါ်တယ်။ အမှုန်တစ်မျိုးဟာ ယူ–၂၃၅ ဖြစ်ပြီး အလွန်ရှားတယ်။ နျူကလီးယားစွမ်းအင်အဖြစ် သုံးတယ်။ ယူရေနီယံဒြပ်စင်ရဲ့ တစ်ရာပုံ တစ်ပုံမျှသာ ယူရေနီယံအက်တမ်ထဲမှာ ဖွဲ့စည်းထားတာဖြစ်တယ်။ ယူ–၂၃၈ အမျိုးအစားကတော့ ယူရေနီယံဒြပ်စင်ထဲမှာ အများဆုံးတွေ့ရတဲ့ အမှုန်တစ်မျိုးဖြစ်ပြီး နျူကလီးယားဓာတ်ပေါင်းဖိုမှာ အသုံးပြုဖို့ မသင့်လျော်တဲ့အမျိုးဖြစ်ပါတယ်။

ယူရေနီယံတစ်ပေါင်ဟာ လောင်စာဆီဂါလန်သန်းပေါင်း ၂ ဒသမ ၅ ရဲ့ စွမ်းအင်နဲ့ညီမျှတယ်။ ဒါကြောင့် နျူကလီးယားမှ လျှပ်စစ်ဓာတ်ထုတ်လုပ်ခြင်းဟာ ကုန်ကျစရိတ်သက်သာပြီး အဆမတန် ထိရောက်မှုရှိပါတယ်။

နျူကလီးယားစွမ်းအားမှာ လေထုညစ်ညမ်းမှုမရှိပေမယ့် ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်းတွေက အန္တရာယ်များလှတယ်။ စွန့်ပစ်ပစ္စည်းတွေကနေ နှစ်ပေါင်း၊ ရာပေါင်းများစွာ ဓာတ်ရောင်ခြည်တွေထုတ်လွှတ်နေမှာဖြစ်တယ်။ အလွန်ပူတဲ့ အရည်များဖြစ်တာကြောင့် အပူညစ်ညမ်းမှုကိုလဲ ဖြစ်ပေါ်စေတယ်။ နျူကလီးယားစွန့်ပစ်အရည်တွေကို ပထမနှစ်အနည်းငယ် သိမ်းဆည်းထားရမယ်။ နောက်အအေးပေးရမယ်။ အစိုင်အခဲပုံသဏ္ဌာန်ကို ကူးပြောင်းပြီး ကွန်တိန်နာထဲမှာ အသေပိတ်ထားရမယ်။ နောက်ဆုံးမှာ အထူးစီမံထားတဲ့ မြေအောက်ဇရိယာအတွင်း မြှုပ်နှံသိမ်းဆည်းထားရမှာဖြစ်တယ်။

ဒီနေရာမှာ စကားစပ်မိလို့ ပြောရဦးမယ်။ ဒီနေ့ တပ်မတော်အစိုးရက ရေနံရုပ်ကြွင်းအစား ဘိုင်အိုဒီဇယ်နဲ့ တတ်နိုင်သမျှအစားထိုးဖို့ ကြိုးပမ်းနေတယ်။ ခြစ်ဆည်းရိုးကြက်ဆူကို တန်ဖိုးမြင့်အောင်လုပ်နေတယ်။ ဒါသိပ်မှန်တာပေါ့။ တခြားနိုင်ငံတွေလဲ ကျိတ်ပြီးလုပ်နေကြတာပဲ။ ကိုယ့်ထက်ဦးတဲ့နိုင်ငံရှိသလို ကိုယ့်ထက်နောက်ကျတဲ့နိုင်ငံလဲ ရှိတယ်လေ။ ဒီကိစ္စကို ပြည်သူတစ်ရပ်လုံးက အားတက်သရော အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်နေချိန်မှာ အဆိုးမြင်သမားတွေက လေကျည်ဆန်တွေ လွှတ်နေကြတယ်။

ကြက်ဆူဟာ ရုပ်ကြွင်းလောင်စာမဟုတ်ဘူး။ ကိုယ့်နိုင်ငံမှာလဲ ရလွယ်ဖြစ်လွယ်တယ်၊ ပေါပေါများများရနိုင်တယ်။ အသစ်တစ်ဖန် ဖြစ်ပေါ်နိုင်တာမို့ သုံးမကုန်အောင်ဖြစ်လာနိုင်တယ်။ အသစ်တစ်ဖန်ဖြစ်ပေါ်ဖို့ ခက်ခဲလွန်းတဲ့ ရုပ်ကြွင်းလောင်စာ ရေနံတွေမကုန်ခန်းခင် ကြိုတင်ပြင်ရမှာက အမျိုးသားအကျိုးစီးပွား မဟုတ်လား။ သားစဉ်မြေးဆက်အထိ စဉ်းစားရမှာမဟုတ်လား။ စကားတစ်ခွန်းကြားဖူးတယ်၊ နိုင်ငံ့ခေါင်းဆောင်ဆိုတာ နောင်လာမယ့် မျိုးဆက်တွေအတွက်ပဲစဉ်းစားပြီး ပါတီနိုင်ငံရေးသမားကတော့ နောင်လာမယ့် ရွေးကောက်ပွဲအတွက်ပဲ စဉ်းစားတယ်ဆိုတာလေ။

ဒီနေရာမှာ ကမ္ဘာနှင့်အဝန်းဖြစ်ပေါ်နေတဲ့ ရောဂါအချို့နဲ့ပတ်သက်လို့ပြောရရင် တရားခံအစစ်ကို ရှာတတ်ဖို့၊ လက်ညှိုးထိုးတတ်ဖို့ လိုတယ်ဆိုတာကိုလဲ ပြောချင်လိုပါတယ်။ HIV/AIDSပင် သဘာဝအလျောက် ဖြစ်ပေါ်လာတာမဟုတ်ဘဲ အမေရိကန်စစ်ဌာနချုပ်ရဲ့ ဓာတုဇီဝစစ်ဆင်ရေးဆိုင်ရာ ဓာတ်ခွဲခန်းထဲမှာ သိုး၊ ဆိတ်တွေရဲ့ ဦးနှောက်ဆွေးမြည့်တဲ့ပိုးနဲ့ ကျွဲ၊ နွားတွေရဲ့ သွေးအားနည်းရောဂါပိုးကို မျိုးရိုးဗီဇအင်ဂျင်နီယာအတတ်ပညာနဲ့ ဖော်ထုတ်ယူခဲ့တာဖြစ်တဲ့အကြောင်း၊ ကိုယ်ခံအားကျဆင်းပြီး ဆယ်နှစ်ကြာမှ သေမယ့်ပိုးကို ကျောက်ရောဂါကာကွယ်ဆေးကတစ်ဆင့် ၁၉၇၀ ပြည့်လွန်နှစ်တွေမှာ အာဖရိကကို ပို့ခဲ့တဲ့အကြောင်း အင်တာနက်မှာ ဖတ်ဖူးတာ ကြာပါပြီ။

Designer Disease ဆိုတဲ့ စကားရှိတယ်။ လူတို့ဖန်တီးထားတဲ့ ရောဂါတွေကို ဆိုတာပေါ့။ နောက် SARS ဆိုတာ ပေါ်လာတယ်။ နောက် ကြက်ငှက်တုပ်ကွေး၊ ယခုနောက်ဆုံး အသက်ငါးနှစ်အောက် ကလေးတွေမှာ ပါးစပ်၊ လက်၊ ခြေထောက် အကျိတ်တွေပေါက်တဲ့ ရောဂါဟာ အာရှနိုင်ငံတွေမှာပြန့်ပွားနေပြန်ပြီ။ ဒါတွေဟာ သဘာဝအလျောက်ဖြစ်ပေါ်လာတဲ့ ရောဂါတွေမှ ဟုတ်ရဲ့လား။ စဉ်းစားတတ်ကြပါလို့ အဆိုးမြင်သမားတွေကို ပြောလိုက်ချင်ပါတယ်။

ကဲ–ဆောင်းပါးရဲ့ခေါင်းစဉ်ဖြစ်တဲ့ **စွမ်းအင်နည်းပညာသစ်များ ရှာစို့လား** ဆီကို ပြန်သွားကြပါစို့။

လောင်စာစွမ်းအင်သစ်ကို ရှိနှင့်ပြီးသား သဘာဝပစ္စည်းအရင်းအမြစ်ဟောင်းတွေကိုပဲ နည်းပညာသစ်တွေနဲ့ ကြံဆကြဖို့ တိုက်တွန်းလိုပါတယ်။

နေရောင်ခြည်စွမ်းအင်ဆိုရင် ကမ္ဘာဦးကစပြီး ကမ္ဘာတည်သရွေ့ ရှိနေမယ့် အလားအလာအကောင်းဆုံးနဲ့ အခိုင်မာဆုံးအရင်းအမြစ်ပဲလေ။ နေကထုတ်လွှတ်ပေးတဲ့ ရောင်ခြည်တွေကို အလဟဿမဖြစ်စေဘဲ စုဆောင်းသိမ်းဆည်းနိုင်ဖို့ လိုပါတယ်။ နေရောင်ခြည်စွမ်းအင်ကို မှန်ချပ်တွေနဲ့ ထိန်းချုပ်ခဲ့ကြတယ်။ မှန်တွေဟာ နေရဲ့အလင်းတန်းတွေကို သေးငယ်တဲ့ဇရိယာပေါ်မှာ စုစည်းနိုင်တယ်။ ဒီနည်းနဲ့ အပူဓာတ်ကို ထုတ်ယူနိုင်တယ်။ အပူဓာတ်ရရင် စွမ်းအားဆိုတာရပြီပဲ။ နေရောင်ကို လျှပ်စစ်အဖြစ် တိုက်ရိုက်ပြောင်းလဲနိုင်တဲ့ ဆဲလ်တွေလဲရှိနေပါပြီ။ သို့သော် တန်ဖိုးနည်းနည်းနဲ့ ပြည်တွင်းမှာ အမြောက်အမြားထုတ်လုပ်နိုင်ဖို့အတွက် ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကြံဆနိုင်မယ်ဆိုရင် အိမ်တိုင်းဟာ ကိုယ်ပိုင်အလင်းရောင်၊ ကိုယ်ပိုင်ရေတင်စက်နဲ့ ကိုယ်ပိုင်မီးဖိုတွေကို နေရောင်ခြည်နဲ့ သုံးနိုင်မှာပေါ့။ ဘာပူစရာရှိသေးလဲ။ အိမ်ဆောက်တဲ့အခါမှာတော့ အိမ်ရဲ့တည်နေရာနဲ့ ဒီဇိုင်းကို နေရောင်ခြည်အများဆုံးရအောင်ရွေးချယ်ဖို့ လိုပါတယ်။ မြန်မာနိုင်ငံဟာ နေရောင်ခြည်ရာနှုန်းအမြောက်အမြားရတဲ့ နိုင်ငံဖြစ်ပါတယ်။

ကောင်းကင်ကြီးကပေးတဲ့ စွမ်းအင်တွေထဲမှာ နေရောင်ခြည်အပြင် မိုးရေတွေလဲ အများကြီးပါဝင်တယ်။ မြန်မာနိုင်ငံသားတို့ မိုးရေတွေ အများကြီးရကြတယ်။ သို့သော် မိုးရွာရင် မိုးရေချိုးမယ်ဆိုရုံနဲ့ မရတော့ဘူး။ ကောင်းကင်ပေါ်ကကျလာသမျှ မိုးရေတွေကို လူတိုင်းက စုဆောင်းရမယ်။ နိုင်ငံသားတွေရဲ့ မျက်လုံးများက တစ်နိုင်ငံလုံးမှာ ရေစုလို့ရတဲ့ နေရာမှန်သမျှကို စူးစူးရှရှ ရှာဖွေကြည့်ရှုရမယ်။ တစ်ယောက်အားနဲ့ ယူသော် မရရင် စုပေါင်းအားနဲ့ ယူရမယ်။ ရေဟာ နည်းနည်းရှိရင်လဲ တန်သလောက်တော့ အကျိုးပေးတာပဲ။ ဥပမာ–သစ်ပင်သစ်တောတော့ ဖြစ်မယ်။ သစ်ပင်သစ်တောဟာ စွမ်းအင်ပဲလေ။ မြက်သစ်ရွက်ပင်လျှင် ဇီဝဓာတ်ငွေ့ထုတ်လို့ရတာပဲ။

ရေရဲ့စွမ်းအင်လို့ ပြောတဲ့နေရာမှာ **ဒီရေ**ကိုလဲ ထည့်ပြီး စဉ်းစားရမယ်။ ဒီရေမြင့်တက်ချိန်ဟာ ခြောက်နာရီလောက်ပါပဲ။ ပြန်ဆင်းချိန်ဟာလဲ ခြောက်နာရီလောက်ပါပဲ။ ဒါကြောင့် တစ်ရက်အတွင်းမှာ အနိမ့်အမြင့် ရွေ့လျားမှု လေးချိန်ဖြစ်ပေါ်ပါတယ်။ ဒီရေဟာ နေရာတိုင်းမှာမရှိတာမို့ ရှိနေတဲ့နေရာတွေဟာ ရွေ့လျားမှုရှိတဲ့ ဒီရေကို စွမ်းအင်အဖြစ် သုံးနိုင်ကြပါတယ်။

နောက်ပြီးတော့ အလကားရနေတဲ့ လေကိုလဲ မေ့ထားလို့မဖြစ်ပါဘူး၊ တစ်ချိန်က ကမ္ဘာပေါ်မှာ လေရဟတ်တွေအများကြီး သုံးခဲ့ကြဖူးပါတယ်။ လေဟာ ရုပ်တစ်ချောင်းကို မောင်းနှင်နိုင်ပါတယ်။

နောက်တစ်မျိုးကတော့ Bio-Conversion ဆိုတဲ့ သက်ရှိတွေရဲ့ စွန့်ပစ်ပစ္စည်းတွေကို သုံးနည်းပါပဲ။ သတ္တဝါများရဲ့ အစာဟောင်း စွန့်ပစ်ပစ္စည်းများ၊ စက္ကူကတ်ထူပြား၊သစ်သားပုံးခွံ စတာတွေကို မီးရှို့ခြင်း သို့မဟုတ် ပြောင်းလဲခြင်းအားဖြင့် အယ်လ်ကိုဟောနဲ့ မီသိန်းတို့ကို ဖြစ်ပေါ်စေပါတယ်။ အမှိုက်ထဲက ရွှေလို့တော့ မပြောနိုင်ပေမယ့် စွမ်းအင်အတွက် ဖြည့်စွက်ပေးနိုင်တာကတော့ အမှန်ပါပဲ။

ဓာတ်ဆီလို သယ်ယူပို့ဆောင်ရေး လောင်စာအဖြစ်သုံးတဲ့ မက်သနောဟာ သဘာဝဓာတ်ငွေ့နဲ့ ကျောက်မီးသွေးက ထုတ်တာဖြစ်ပေမယ့် အိမ်တွေရဲ့ ဘေးထွက်ပစ္စည်းတွေ၊ စက်ရုံအလုပ်ရုံတွေရဲ့ ဘေးထွက်ပစ္စည်းတွေ၊ လယ်ယာမြေနဲ့ သစ်တောသစ်ပင်များရဲ့ ဘေးထွက်ပစ္စည်းတွေကလဲ ထုတ်လို့ရကြောင်း သိရှိရပါတယ်။ နောက်တစ်မျိုးဖြစ်တဲ့ ဂက်စ်ဆိုဟော(Gasohol)ကိုတော့ ခဲမပါတဲ့ ဓာတ်ဆီကိုးဆနဲ့ အီသိုင်းအယ်လ်ကိုဟော တစ်ဆ ရောစပ်ထားတာဖြစ်ပါတယ်။ ဓာတ်ဆီရဲ့ တစ်ဆယ်ရာခိုင်နှုန်းကို ခုမိတဲ့ အီသိုင်းအယ်လ်ကိုဟောဟာ ဂျုံနဲ့ ချိုတဲ့အသီးတွေ၊ ကြံတွေကို အရက်ချက်လုပ်ရာက ရရှိတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့်တော့ ဓာတ်ဆီကို အရက်နဲ့ရောစပ်တာပါပဲ။ ဒီခေတ်ကြီးမှာ ဓာတ်ဆီကိုဖြည့်စွက်ဖို့ ခုသာခံသာဖြစ်အောင်လုပ်ဖို့ဟာ သေရေးရှင်ရေးတမျှ အရေးကြီးတာကြောင့် ကြံကနေ အီသိုင်းအယ်လ်ကိုဟောထုတ်ဖို့ ဦးတည်သင့်ပြီ ထင်ပါတယ်။

ယနေ့ မြန်မာနိုင်ငံဟာ စက်မှုလယ်ယာစနစ်ကို ကူးပြောင်းနေပြီဖြစ်တယ်။ ဒါကြောင့် လယ်တောယာတောမှာ သုံးသမျှ စက်အားလုံးအတွက် စွမ်းအင်ကို နည်းလမ်းမျိုးစုံနဲ့ အသုံးပြုနိုင်အောင် ကြံဆကြဖို့ လိုပြီဖြစ်ပါတယ်။ စွမ်းအင်မှန်သမျှ စွမ်းအားဖြစ်ဖို့လိုပါတယ်။ ဒါ့အပြင် စွမ်းအင်ကိုချွေတာသုံးပြီး စွမ်းအားပိုမိုရရှိအောင် ကြံဆကြဖို့ အနာဂတ်အကျိုးမျှော်ပြီး နှိုးဆော်ရပါတယ်။ ။

စနေဂြိုဟ်၏ အရံလငယ် အင်စဲလဒတ်ကို တွေ့ရစဉ်။

စနေဂြိုဟ်၏ အရံ လငယ်၌ သက်ရှိများ ရှိ မရှိ စူးစမ်းရန်သင့်တော်

ဗီယင်နာ ဧပြီ ၁၂

နေစကြာဝဠာစနစ် အတွင်းတွင် သက်ရှိစူးစမ်းလေ့လာရေးအတွက် စနေဂြိုဟ်၏ အရံလငယ်'အင်စဲလဒတ်'သည် အကောင်းဆုံးနေရာဖြစ်ကောင်း ဖြစ်လိမ့်မည်။

ဤအမြင်မှာ စနေဂြိုဟ်နှင့် အရံလများကို နှစ်နှစ်နီးပါးလေ့လာခဲ့သည်။ ကက်ဆီနီအာကာသယာဉ်ကို လွှတ်တင်လေ့လာခဲ့သူ ထိပ်တန်းသိပ္ပံပညာရှင် ဒေါက်တာ ဘော့ဘရောင်း၏ သဘောထားအမြင်ဖြစ်သည်။

ကက်ဆီနီ အာကာသယာဉ်သည် 'အင်စဲလဒတ်'၏ မျက်နှာပြင်အထက် ၁၇၃ ကီလိုမီတာအထိ အနီးကပ်ပျံသန်းလေ့လာခဲ့သည်။ ခရီးစဉ်မှာ ၂၀၀၅ ခုနှစ် ဇူလိုင်လတွင် ပြီးဆုံးခဲ့သည်။ **(အင်တာနက်)**

တင်ပြ

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ကျင်းပသည့် ဥရောပဘူမိသိပ္ပံသမဂ္ဂ (အီးဂျီယူ) နှစ်ပတ်လည် အစည်းအဝေးတွင် ဒေါက်တာ ဘော့ဘရောင်းက စနေဂြိုဟ်၏အရံလငယ် 'အင်စဲလဒတ်'အကြောင်းကို တင်ပြခြင်းဖြစ်သည်။

အချင်းအင်္ဂါ

'အင်စဲလဒတ်'တွင် သက်ရှိမော်လီကျူးများ၊ ရေနှင့် အပူဓာတ်၊ သက်ရှိတို့ဖြစ်ပေါ်စေသည့် အချင်းအင်္ဂါများရှိကြောင်း ဆွေးနွေးတင်ပြသည်။

မိုးလေဝသဆိုင်ရာ ရုပ်မြင်သံကြားအစီအစဉ် တရုတ်ထုတ်လွှင့်မည်

ပေကျင်း ဧပြီ ၁၃

"တရုတ်မိုးလေဝသ"ဟူသော အမည်ဖြင့် တရုတ်ပြည်က ပထမဆုံးသော မိုးလေဝသအခြေအနေဆိုင်ရာ ရုပ်မြင်သံကြားအစီအစဉ်တစ်ရပ်ကို ဇွန်လတွင် စတင်ထုတ်လွှင့်မည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

ထုတ်လွှင့်အသိပေး

၂၄ နာရီပတ်လုံး ၁၀ မိနစ်လျှင် တစ်ကြိမ်ကျ နောက်ဆုံးမိုးလေဝသ အခြေအနေအရပ်ရပ်ကို ထုတ်လွှင့်အသိပေးသွားမည် ဖြစ်သည်။

အရေးပေါ်

တိုက်ဖွန်းမုန်တိုင်း၊ သဲမုန်တိုင်း၊ ရေလွှမ်းမိုးမှုစသည့် အရေးပေါ်သတင်းများအပြင် ပတ်ဝန်းကျင်ရေးရာ လမ်းပန်းဆက်သွယ်မှု ခရီးသွားလုပ်ငန်းနှင့် အခြားသောသတင်းအချက်အလက်များကိုလည်း ထုတ်လွှင့်မည်ဖြစ်သည်။

ယင်းအစီအစဉ်သည် ပြည်တွင်းမြို့ကြီးများနှင့် နိုင်ငံခြား မြို့ကြီးများ၏ ရာသီဥတုဆိုင်ရာ ထုတ်လွှင့်မှုများကိုလည်း သိရှိနိုင်မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

နျူကလီးယားနည်းပညာပိုင်ဆိုင်သည့် နိုင်ငံများတွင် အီရန်နိုင်ငံပါဝင်ကြောင်း သမ္မတနီဂျက်ဒ် ပြောကြား

တီဟီရန် ဧပြီ ၁၃

နျူကလီးယားနည်းပညာပိုင်ဆိုင်သည့် နိုင်ငံများတွင် အီရန်နိုင်ငံပါဝင်ကြောင်း အီရန်သမ္မတ မာမွတ်အာမက်နီဂျက်ဒ်က အင်္ဂါနေ့၌ ပြောကြားလိုက်ပြီး အီရန်နိုင်ငံက စက်မှုအဆင့်ယူရေနီယံသန့်စင်ရေးကို အောင်မြင်စွာ အကောင်အထည်ဖော်သွားရန် သန္နိဋ္ဌာန်ချမှတ်ထားကြောင်း ထုတ်ဖော်ပြောကြားသည်။

နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများကို အခြေခံကာ နျူကလီးယားအစီအစဉ်နှင့်စပ်လျဉ်း၍ ယူရေနီယံကို စက်မှုအဆင့်မြင့်သန့်စင်နိုင်သည်အထိ မိမိတို့နိုင်ငံက ဆက်လက်လျှောက်လှမ်းသွားမည် ဖြစ်ကြောင်း၊ အီရန်နိုင်ငံ၏ ငြိမ်းချမ်းသော အဏုမြူနည်းပညာရရှိမှုကို အနောက်အုပ်စုက အားထားရမည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အီရန်သမ္မတမာမွတ်အာမက်နီဂျက်ဒ်။

တောင်းဆို

အီရန်အနေဖြင့် ယူရေနီယံသန့်စင်ရေးလုပ်ငန်းကို ဧပြီ ၂၈ရက်အတွင်းရပ်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက တောင်းဆိုသည်။ အီရန်နိုင်ငံက ယင်း၏နျူကလီးယားလုပ်ငန်း စွန့်လွှတ်ရေး နိုင်ငံတကာဖိအားပေးမှုကို မည်သည့်အခါမျှ အရှုံးပေးမည်မဟုတ်ကြောင်း အီရန်သမ္မတက ပြောကြားလိုက်သည်။

အမ်အင်အေ၊ရိုက်တာ

တူးဖော်တွေ့ရှိခဲ့သော ဒင်္ဂါးပြားများကို တွေ့ရစဉ်။

ရှေးဟောင်းဒင်္ဂါးများ တရုတ်၌ တူးဖော်တွေ့ရှိ

ချီတန် ဧပြီ ၁၂

နှစ်ပေါင်း ၉၀၀ခန့်က ဒင်္ဂါးအချိန် တစ်တန်ကို တရုတ်ပြည်အနောက်မြောက်ပိုင်း ရှန်စီးပြည်နယ်၊ ဆောက်လုပ်ရေးဒေသမှ တူးဖော်တွေ့ရှိခဲ့သည်။

မည်သူပိုင်ဆိုင်သည်ကို မသိသော ထိုဒင်္ဂါးပြားများကို ပူချင်းခရိုင် အဆောက်အအုံဆောက်မည့်နေရာမှ အနက် ၆-၇ မီတာတွင် အုတ်မြေတိုက်ခန်းတစ်ခုအတွင်း၌ တွေ့ရသည်ဆို၏။

အချို့ဒင်္ဂါးပြားများမှာ မြောက်ပိုင်း ဆွန်မင်းဆက်(၉၆၀-၁၁၂၇ခုနှစ်)က ဒင်္ဂါးများဖြစ်သည်ဟု သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ကူးစက်မှု အီဂျစ်၌ ၁၂ ဦးမြောက်အဖြစ်တွေ့ရှိ

ကိုင်ရို ဧပြီ ၁၂

အသက်(၁၈)နှစ်ရှိ အီဂျစ်အမျိုးသမီးတစ်ဦးမှာ ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ပိုးကူးစက်ခံနေရသဖြင့် အီဂျစ်နိုင်ငံတွင် လူသို့ကူးစက်သည့် အရေအတွက်မှာ ၁၂ ဦးအထိရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးနှင့်လူဦးရေဆိုင်ရာ ဝန်ကြီးက ဧပြီ ၁၀ ရက်တွင် ပြောကြားသည်။

ကိုင်ရိုမြို့၏ မြောက်ပိုင်းပြည်နယ်မှ အဆိုပါအမျိုးသမီးသည် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနေသည့် ငှက်များကို ကိုင်တွယ်ခဲ့ပြီးနောက် ယင်းရောဂါပိုး ကူးစက်ခံရခြင်းဖြစ်ကြောင်း ဝန်ကြီးဟာတင်မ်အယ်လ်ဂါဘာလီနှင့် ဝန်ကြီးဌာန အရာရှိများ၏ ပြောကြားချက်ကို ကိုးကား၍ မီနာသတင်းဌာနက ဖော်ပြသည်။

အဆိုပါအမျိုးသမီးသည် ဆေးရုံ၌ သက်သာသည့် အခြေအနေတွင်ရှိကြောင်း၊ သူမ၏ ဆွေမျိုးသားချင်းများကို ရောဂါကူးစက်မှု ရှိ မရှိ စစ်ဆေးလျက် ရှိကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။ **အမ်အင်အေ၊ ရိုက်တာ**

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းရှိ တိရစ္ဆာန်ဥယျာဉ်တွင် ဘင်္ဂလား ကျားတစ်ကောင် အပူဒဏ်သက်သာစေရန်အတွက် ရေစိမ်နေသည်ကို ဧပြီ ၁၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂရိနိုင်ငံ၌ ငလျင်လှုပ်

အေသင် ဧပြီ ၁၂

ဂရိနိုင်ငံရှိ အိုင်အိုနီးယန်းကျွန်းအနီးပင်လယ်ပြင်တွင် ဧပြီ ၁၁ ရက် ဒေသစံတော်ချိန် နံနက်၃နာရီ ၂မိနစ်က ငလျင်ပြင်း လှုပ်ခဲ့ကြောင်း၊ လူအများ ဒဏ်ရာရခြင်း၊ ပျက်စီးခြင်း မရှိကြောင်း အေသင်ဘူမိဆိုင်ရာဌာနက ပြောကြားသည်။

ငလျင်ပြင်းအားမှာ ရစ်ချ်တာစကေး ၅ဒသမ၇ ရှိပြီး ကျွန်း၏ တောင်ဘက်ပင်လယ် ကြမ်းပြင်ကို ဗဟိုပြုထားကြောင်း၊ အဆိုပါနေရာကို ဗဟိုပြု၍ ယခင် သတင်းတစ်ပတ်အတွင်းက သုံးကြိမ်လှုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုနေရာ ဝန်းကျင်သည် ဂရိနိုင်ငံတွင် ငလျင်အများဆုံးလှုပ်သည့် နေရာ ဖြစ်ကြောင်း အဆိုပါဌာနက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ဟေဘေးပြည်နယ် ဖူနန်မြို့တွင် မော်တော်ယာဉ်တစ်စီးနှင့် မီးရထားတစ်စင်းတို့ တိုက်မိနေသည်ကို ဧပြီ ၁၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်-ဂျပန် ပိုမိုပူးပေါင်းဆောင်ရွက်ရန် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ တိုက်တွန်း

ပေကျင်း ဧပြီ ၁၂

တရုတ်-ဂျပန်နှစ်နိုင်ငံဆက်ဆံမှု တိုးမြှင့်ရေးအတွက် အခိုင်အမာပူးပေါင်းဆောင်ရွက်ကြရန် တရုတ်နှင့် ဂျပန် လူထုလူတန်းစားအဖွဲ့အစည်းများအား တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာဝမ်က ဧပြီ ၁၀ရက်၌ တိုက်တွန်းပြောကြားလိုက်သည်။

ချီးကျူးပြောကြား

လွန်ခဲ့သည့်နှစ်ပေါင်း ၂၀အတွင်း နှစ်နိုင်ငံချစ်ကြည်ရေးတိုးမြှင့်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့သူ ဂျပန်- တရုတ် ကျွမ်းကျင်လုပ်သားများဖလှယ်ရေးဌာန(ဂျေစီအက်စ်ဒဗလျူအီးစီ)ဥက္ကဋ္ဌ မစ္စတာမိုတိုဖူမီအား မစ္စတာဝမ်က ချီးကျူးပြောကြားလိုက်သည်။

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်အောင် ကူညီပံ့ပိုးခဲ့သည့် ဂျေစီအက်စ် ဒဗလျူအီးစီနှင့်အခြားသော ဂျပန်နိုင်ငံမှ အစိုးရမဟုတ်သောအဖွဲ့များကိုလည်း ကျေးဇူးတင်ကြောင်း မစ္စတာဝမ်က ပြောကြားသည်။

တရုတ်နှင့်ဂျပန်အကြားပူးပေါင်းဆောင်ရွက်မှုက နှစ်ဖက်စလုံးအကျိုးရှိပြီး နှစ်နိုင်ငံသဘောကွဲခြင်းဖြင့် နှစ်ဖက်စလုံး အကျိုးပျက်ပြားစေနိုင်ကြောင်း တရုတ်သမ္မတဟူကျင်တောင်၏ပြောကြားချက်ကိုလည်း မစ္စတာဝမ်က ကိုးကားပြောကြားလိုက်သည်။

စေလွှတ်ခဲ့

မစ္စတာမိုတိုဖူမီသည် လွန်ခဲ့သည့်နှစ် ၂၀က စတင်ထူထောင်ခဲ့သည့် ဂျေစီအက်စ်ဒဗလျူအီးစီဌာနက အဆင့်မြှင့်သင်တန်းများတက်ရန် တရုတ်အလုပ်သမား ၁၀၀၀၀ကျော်ကို ဂျပန်နိုင်ငံသို့ဖိတ်ကြားခဲ့ပြီး ဂျပန်ဘာသာစကားသင်ဆရာ ၁၃၀၀ နီးပါးကို တရုတ်ပြည်သို့ စေလွှတ်ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အမေရိကန်နိုင်ငံ၏ အကူအညီမပါဘဲ ကျူးဘား၌ မူးယစ်ဆေးဝါးစစ်ပွဲအောင်မြင်စွာ ဆင်နွှဲနိုင်

ဘိုကာဒယ်တိုရို(ကျူးဘား) ဧပြီ ၉

ကျူးဘားနိုင်ငံ၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးစစ်ပွဲတစ်ရပ် ဆင်နွှဲလျက်ရှိရာ ဆိုဗီယက်လုပ် ဗီ-၁၇ ရဟတ်အယောင်းကြီးဖြင့် ဝဲပျံလျက် အမေရိကန်တောင်ပိုင်း မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်သူများအပေါ် အောင်ပွဲဆင်နိုင်ခဲ့ပြီဖြစ်ကြောင်း ဗိုလ်မှူးကြီးဂျော့ဂျ်ဆန်ပါက ကြေညာလိုက်သည်။

ကျူးဘားနိုင်ငံက အဆိုပါ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စစ်ပွဲတွင် နိုင်ငံရေးရန်သူနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုလားသော်လည်း ဝါရှင်တန်မှ တုန့်ပြန်ခြင်း မရှိကြောင်း ကျူးဘား ကမ်းခြေစောင့်တပ် ဒုတိယတပ်မှူး ဆမ်ပါက ပြောကြားသည်။

အသုံးပြု

ကိုလံဘီယာ မူးယစ်ဆေးဝါး မှောင်ခိုသူများသည် ကျူးဘားကမ်းခြေတစ်လျှောက်ရှိ ကျွန်းငယ်များကို အသုံးပြုလျက် ရေကြောင်းမှနေ၍ အမြန်ရေယာဉ်ငယ်များဖြင့် အမေရိကန်ပြည်ထောင်စုသို့ ကိုကင်းနှင့် ဆေးခြောက်များ မှောင်ခိုပေးပို့နေသည်။

ဆိုဗီယက်ခေတ်က တော်ပီဒိုသင်္ဘောငယ်များဖြင့် နှေးကွေးစွာ ကင်းလှည့်နေရသဖြင့် ထိန်းချုပ်ရေးအတွက် ပြဿနာဖြစ်နေကြောင်း ကျူးဘားနိုင်ငံက ပြောကြားသည်။ ကျူးဘားနိုင်ငံကိုဖြတ်၍ မူးယစ်ဆေးဝါး မှောင်ခိုနေမှုများသည် ရေလမ်းကြောင်းမှ အဓိကဖြစ်ကြောင်း၊ ယင်းရေလမ်းကြောင်းမှ ထိန်းချုပ်ထားပြီဖြစ်ကြောင်း၊ မူးယစ်မှောင်ခိုများသည် အခြားလမ်းကြောင်းသို့ ထွက်ပြေးကုန်ကြောင်း ဆမ်ပါကနိုင်ငံခြား သတင်းထောက်များအား ပြောကြားသည်။ ဖမ်းဆီးရမိမှုမှာ လွန်ခဲ့သော ငါးနှစ်ကျော်ကထက် ကျဆင်းခဲ့ကြောင်း၊ လွန်ခဲ့သော နှစ်က ဆေးခြောက် ၂၃သမ ၂တန်နှင့် ကိုကင်း ကီလိုဂရမ် ၃၀၀ဖမ်းဆီးခဲ့ရာ လွန်ခဲ့သော ဆယ်ခုနှစ်ထက်အနည်းဆုံး ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အောင်မြင်စွာဆင်နွှဲနိုင်

ကျူးဘားနိုင်ငံ၏ ကြိုးပမ်းမှုများသည် အမေရိကန်နိုင်ငံကို အကျိုးရှိစေလိမ့်မည်ဖြစ်ကြောင်း၊ အမေရိကန်က ကူညီခြင်းမရှိသော်လည်း ကျူးဘားနိုင်ငံက မူးယစ်ဆေးဝါးစစ်ပွဲကို အောင်မြင်စွာဆင်နွှဲနိုင်ခဲ့ကြောင်း ကျူးဘား မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအေဂျင်စီ ဒုတိယအကြီးအကဲ ဗိုလ်မှူးကြီး ဂျိုင့်စ်ကွက်ဇ်က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

ဘက်မလိုက်အဖွဲ့ဝင်နိုင်ငံများ ညီညွတ်ရန်အရေးကြီး၊ ဇမ်ဘီယာကျန်းမာရေးကဏ္ဍ ကျူးဘားကူညီမည်

လူဆာကာ ဧပြီ ၁၂

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင်များအချင်းချင်းစည်းလုံးကြရန်နှင့် အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် တစ်သံတည်းထွက်ရန် အရေးကြီးကြောင်း ဇမ်ဘီယာနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ကျူးဘား အထူးသံတမန် အနာဗီမာဗဲလက်ဂျာရာက အင်္ဂါနေ့တွင် တိုက်တွန်းလိုက်သည်။

ဘက်မလိုက်လှုပ်ရှားမှု အဖွဲ့ဝင်နိုင်ငံများအနေဖြင့် လက်တွဲဆောင်ရွက်ရန်နှင့် ဘက်မလိုက်ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်မြှင့်တင်ရန် တာဝန်ရှိကြောင်း လူဆာကာမြို့ သတင်းစာရှင်းလင်းပွဲတွင် ကျူးဘားသံတမန်က ပြောကြားလိုက်သည်။

ဇမ်ဘီယာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍတွင် အကူအညီပေးရန် ကျူးဘားနိုင်ငံက သန္နိဋ္ဌာန်ချမှတ်ထားကြောင်း ဇမ်ဘီယာနိုင်ငံဆိုင်ရာ ကျူးဘားသံအမတ်ကြီး ဖရန်စစ္စကို ကိုရီးယားက ပြောကြားသည်။ နှစ်နိုင်ငံဆက်ဆံရေးနှင့် ရင်းနှီးမြှုပ်နှံရေးဆွေးနွေးရန် ဇမ်ဘီယာဘဏ္ဍာရေးဝန်ကြီးနှင့်အဖွဲ့ ကျူးဘားနိုင်ငံသို့ သွားရောက်မည် ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ကြီးမားသော ပင်လယ်လိပ်

ကြီးမားသော ပင်လယ်လိပ်ကြီးတစ်ကောင်ကို တွေ့ရစဉ်။ (အောက်ပုံ)

ဆစ်ဒနီမြို့ရှိ ငါးပြတိုက်တစ်ခုအတွင်း မွေးမြူထားသော ပင်လယ် လိပ်ကြီးတစ်ကောင်သည် အသက် ၂၀ခန့်ရှိပြီး ကိုယ်အလေးချိန် ၁၆၇ကီလိုဂရမ် (၃၆၈ပေါင်)ရှိကြောင်း သိရသည်။ အဆိုပါ လိပ်ကြီးသည် ကမ္ဘာ့အကြီးမားဆုံး လိပ်ကြီးအဖြစ် မကြာမီရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ရေနွေးကြမ်းငှဲ့ စွမ်းရည်ပြသ

တရုတ်နိုင်ငံသားတစ်ဦးက ရေနွေးကြမ်းငှဲ့ စွမ်းရည်ပြသနေစဉ်။ (ယာပုံ)

တရုတ်နိုင်ငံအရှေ့ပိုင်း ကျီကျင်း ပြည်နယ် ဟန်ကျိုမြို့တွင် ရိုးရာဓလေ့ရေနွေးကြမ်းပွဲတော်တစ်ရပ်ကျင်းပရာ တရုတ်အမျိုးသားတစ်ဦး ရေနွေးကြမ်းပန်းကန်တစ်ခု အတွင်းသို့ ရေနွေးကြမ်းများ နောက်ပြန်ငှဲ့ကာ စွမ်းရည်ပြခဲ့ပြီး အခြားနည်းပေါင်းစုံဖြင့်လည်း စွမ်းရည်ပြခဲ့ကြောင်း သိရသည်။ တရုတ်လူမျိုးတို့၏ ရေနွေးကြမ်းသောက်သုံးမှုသက်တမ်းသည် နှစ်ပေါင်းငါးထောင်ခန့်ရှိခဲ့ပြီ ဖြစ်သည်။ **(အင်တာနက်)**

စွယ်တော်မြတ်စေတီတော်(ရန်ကုန်) အင်္ဂမအကြိမ် ဇီဝိတဒါန ငါးလွှတ်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၁၃

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေ၌ တည်ထားကိုးကွယ်သော ဝရဒါဠာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်) ဂေါပကအဖွဲ့က ကြီးမှူး၍ အင်္ဂမအကြိမ် ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားကို ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်နေ့) ညနေ ၄ နာရီတွင် အဆိုပါစေတီ ဂန္ဓကုဋိတိုက်၌ သီလဆောက်တည်ခြင်း၊ ဆရာတော်ကြီးများက ပရိတ်တရားတော်များချီးမြှင့်ခြင်း၊ လှူဖွယ်ဝတ္ထုများဆက်ကပ်ခြင်းနှင့် ရေစက်ချအမျှပေးဝေခြင်းတို့ကို ပြုလုပ်ပြီး ညနေ ၄ နာရီခွဲတွင် သာသနာ့အလံကိုင်အဖွဲ့၊ ဆိုင်းဘုတ်ကိုင်အဖွဲ့တို့က ဦးဆောင်၍ အိုးစည်၊ ဒိုးပတ်များဖြင့် ဘာသာရေးအသင်းအဖွဲ့များက စွယ်တော်မြတ်စေတီတော်ကြီးအား လက်ယာရစ် ပူဇော်ကာ မင်္ဂလာကန်တော်သို့ သွားရောက်၍ ဇီဝိတဒါန ငါးလွှတ်ကြမည်ဖြစ်သည်။

အဆိုပါနေ့တွင် ဇီဝိတဒါန ငါးလွှတ်လိုသော ရဟန်းရှင်လူပြည်သူများသည် စွယ်တော်မြတ်စေတီတော်ပရဝဏ်၌ သက်သာသောဈေးနှုန်းဖြင့် ငါးများကို ဝယ်ယူပြီး ဇီဝိတဒါန ငါးလွှတ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မဟာသင်္ကြန်အကြိုနေ့က အနော်ရထာလမ်းနှင့် ၅လမ်းထောင့်ရှိ ထွန်းရွှေဝါရေကစားမဏ္ဍပ်တွင် ဖွင့်ပွဲ အခမ်းအနားအပြီး၌ အကများဖြင့် ဤသို့ ဖျော်ဖြေတင်ဆက်ကာ ရေကစားခဲ့ကြသည်။ (မြန်မာ့အလင်း)

ရှေ့ဖုံးမှ

သင်္ကြန်ပွဲတော်နှင့် လိုက်ဖက်လှပေသည်။ တူညီဝတ်စုံ ဝတ်ဆင်ကာ ညင်သာနွဲ့ပျောင်းသော စုပေါင်းအကများက ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံတွင်မျှမရှိသော ယဉ်ကျေးသိမ်မွေ့သည့် အကများပင် ဖြစ်ပေသည်။

အန္တရာယ်ကင်း

သင်္ကြန်ပွဲတော်အတွင်း ရေပက်ခံမော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ မောင်းနိုင်ရေး တစ်လမ်းမောင်းစနစ်ကို ကျင့်သုံးပေးထားရာ ယခင်နှစ်များကဲ့သို့ ယာဉ်ကြောပိတ်ဆို့မှုများ မဖြစ်ပွားတော့ဘဲ အန္တရာယ်ကင်းစွာ မောင်းနှင်သွားလာ နိုင်ကြသည်။

ရန်ကုန်မြို့တွင် သင်္ကြန်မဏ္ဍပ်များ ပေါများသည့် အင်းလျားလမ်း (တက္ကသိုလ်ရိပ်သာလမ်းမှ ပြည်လမ်းအထိ)၌ သင်္ကြန်ပွဲတော်ကာလအတွင်း နေ့စဉ်နံနက် ၆ နာရီမှ ည၈နာရီအထိ တစ်လမ်းမောင်းစနစ်ပြုလုပ်ထားသည့်အပြင် အင်းလျားလမ်း (တက္ကသိုလ်ရိပ်သာမှ သံလွင်လမ်း) ကိုလည်း တစ်လမ်းမောင်းစနစ် ပြုလုပ်ပေးထားသည်။

ထို့အပြင်တက္ကသိုလ်ရိပ်သာလမ်း၊ ဆရာစံလမ်း၊ ဦးအောင်မြတ်လမ်းတို့တွင်လည်းတစ်လမ်းမောင်းစနစ်ပြုလုပ်ပေးထား၍ သင်္ကြန်ပွဲတော် ကာလတွင် ယာဉ်မတော်တဆဖြစ်မှု အနည်းဆုံးဖြစ်အောင် သက်ဆိုင်ရာက ကြီးကြပ်စီမံဆောင်ရွက်ပေးထားသည်။

ပုံမှန်ပြေးဆွဲ

အထူးခြားဆုံးကား သင်္ကြန်ပွဲတော်ရက်များတွင် လိုင်းကားများ ပုံမှန်ပြေးဆွဲပေးခြင်းပင်ဖြစ်သည်။ ပွဲတော်ကာလအတွင်း မဖြစ်မနေခရီးသွားပြည်သူများအတွက် အဆင်ပြေအောင် ဆောင်ရွက်ပေးထားခြင်းဖြစ်ရာ လိုင်းကားများစီးနင်းပြီး သင်္ကြန်ပွဲတော်နွှဲပျော်သူတို့ကိုလည်း ကြည့်ရှုနိုင်သည့်အပြင် လိုရာခရီးလည်းရောက်ရှိနိုင်သဖြင့် အဆင်ပြေလှပေသည်။

ကြည်နူးဖွယ်

မြန်မာနိုင်ငံတစ်ဝန်း မြို့ရွာကျေးလက်အနှံ့ ဘုရားပုထိုး ကျောင်းကန်ဇရပ်များတွင်လည်း သီတင်းသီလဆောက်တည်သူတွေနှင့် ပြည့်လျက်ရှိနေပြီ ဖြစ်သည်။ အလှူဒါနပြုသူတွေကိုလည်း နေရာတိုင်းတွင် တွေ့မြင်နေရပြီဖြစ်ရာ သင်္ကြန်ပျော်သူ၊ အလှူဒါနပြုလုပ်သူ၊ တရားဘာဝနာပွားများသူများနှင့် စည်ကားသိုက်မြိုက်လှသော မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်မြင်ကွင်းကား ကြည်နူးဖွယ်ရာအတိပင် ဖြစ်သည်။

မြန်မာတို့၏ နှစ်သစ်ကူးရေသဘင်ပွဲတော်ကျင်းပရာ အချိန်ကာလမှာလည်း ပူပြင်းသောရာသီဖြစ်ရာ နှစ်ဟောင်းမှ နှစ်သစ်သို့ကူးပြောင်းရာတွင် သင်္ကြန်ရေပက်ဖျန်းပြီး အေးချမ်းစွာ ကူးပြောင်းသည့် အချက်လည်း ပါဝင်ပေသည်။

ပိတောက်ပန်း

သင်္ကြန်ပွဲတော်ကို ဆင်နွှဲပျော်မြူးကြလေပြီ၊ သင်္ကြန်နှင့်အတူပွင့်ဖူးမည့် ပိတောက်တို့မပွင့်သေး၊ သင်္ကြန်ရောက်သဖြင့် ပိတောက်အပွင့်ကို မျှော်ရသည်။ သင်္ကြန်အထိမ်းအမှတ်ပန်းမှာ ပိတောက်ပန်းပင်ဖြစ်သည်။

သို့ဖြစ်ပေရာ ပျော်ရွှင်စရာကြည်နူးစရာကောင်းသော ရိုးရာသင်္ကြန်ပွဲတော်ကာလအတွင်း ဘေးအန္တရာယ်ကင်းစွာ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးစွာ ရေပက်ဖျန်းကစားရင်း နှစ်ဟောင်းမှ နှစ်သစ်သို့ မင်္ဂလာရှိစွာ ဖြတ်သန်းကြရမည်ဖြစ်ပေသည်။ ။

(မြန်မာ့အလင်း)

ဥပဒေပညာဌာန ပူဇော်ကန်တော့ပွဲ

ရန်ကုန် ဧပြီ ၁၃

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနတွင် ၁၉၇၄မှ ၁၉၇၉အထိ တာဝန်ထမ်းဆောင်ခဲ့သော ဆရာ၊ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို မေ ၁၃ ရက် (စနေနေ့)တွင် ကျင်းပရန် စီစဉ်ထားသည်။ အလှူငွေများကို ဦးမြဟန် ဖုန်း-၀၉-၅၁၃၉၅၇၆၊ ၀၁-၅၃၈၃၃၂၊ ဦးမြင့်သိန်း ဖုန်း-၀၁-၃၈၆၅၂၈၊ ဦးမြင့်ဆွေ ဖုန်း-၀၉-၅၁၀၇၁၈၃၊ ၀၁-၂၅၂၆၉၃၊ ဒေါ်သင်းသင်းမြိုင် ဖုန်း-၀၉-၅၀၀၅၀၈၁၊ ၀၁-၃၈၅၈၈၄၊ ဒေါ်စန်းစန်းမြင့် ဖုန်း-၀၁-၂၂၄၆၀၆၊ ဒေါက်တာတင်မေထွန်း ဖုန်း-၀၉-၅၀၂၀၅၄၃၊ ၀၁-၇၂၅၉၁၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၄-၄-၂၀၀၆ရက် (သောကြာနေ့)
(သင်္ကြန်အကျနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ အဘိဇ္ဈ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၅ ၆။ အတီးပြိုင်ပွဲ
- ၈း၁၀ ၇။ ကြေးမုံရိပ်သွင်တေးနယဉ်
- ၈း၂၀ ၈။ ခါသင်္ကြန်အဆိုအကများ
- ၈း၃၀ ၉။ International News
- ၈း၄၅ ၁၀။ ဆယ်စုနှစ်ကခါသင်္ကြန် (ဇော်ဝမ်း)
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ Practice in Reading.
- ၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၆း၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
- ၁၇း၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇း၂၅ ၇။ မြန်မာစာ မြန်မာစကား
- ၁၇း၃၅ ၈။ အဆိုပြိုင်ပွဲ
- ၁၇း၄၀ ၉။ ခါသင်္ကြန် အဆိုအကများ
- ၁၇း၅၀ ၁၀။ **"မူးလျှင်မမောင်းနဲ့ မောင်းလျှင် မမူးနဲ့"** လူမင်း၊ သူသူဟံသာ၊ အိမ်အိမ်း (ဒါရိုက်တာ-သက်တင်)
- ၁၈း၀၀ ၁၁။ ညနေခင်းသတင်း
- ၁၈း၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၈း၃၅ ၁၃။ ခါသင်္ကြန် အဆိုအကများ
- ၁၈း၅၀ ၁၄။ ပမ္မဝတီတံတား
- ၁၉း၀၅ ၁၅။ ရှုဖွယ်စုံညီ မြန်မာပြည် (အပိုင်း-၂)
- ၁၉း၂၀ ၁၆။ ခါသင်္ကြန် အဆိုအကများ
- ၁၉း၃၅ ၁၇။ ယဉ်ကျေးမှုအနုလက်ရာစုံစွာ ဘုရား အာနန္ဒာ
- ၂၀း၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ မြန်မာဗီဒီယိုဇာတ်လမ်း **"အတာလေပြည်"** လူမင်း၊ ထွန်းအိန္ဒြာဗို (ဒါရိုက်တာ-အာယု)

အင်တာနက် သတင်းနှင့် ဓာတ်ပုံများ



ငါးမျိုးစိတ်သစ်တစ်မျိုး ထိုင်းမြစ်အတွင်းတွေ့ရှိ

ဖော်ပြပါပုံမှာ ထိုင်းနိုင်ငံရှိ ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့က ထုတ်ပြန်လိုက်သော ထူးဆန်းသောငါးတစ်ကောင်၏ပုံ ဖြစ်သည်။

အဆိုပါတိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့က ထိုင်းနိုင်ငံရှိ ကုန်းပိုင်းနှင့် ရေပိုင်းရှိ ရှားပါးတိရစ္ဆာန်မျိုး စိတ်သစ်များနှင့် မျိုးသုဉ်းပျောက်ကွယ်တော့မည့် တိရစ္ဆာန်များကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

ငါးမျိုးစိတ်သစ်

ယင်းငါးကို ငါးလက်ထုံပုဟု ခေါ်ဆိုပြီး ထိုင်းနိုင်ငံအနောက်ပိုင်း ကန်ချာနာဘူရီမြစ်အတွင်းမှ တွေ့ရှိခဲ့သော ငါးမျိုးစိတ်သစ်ဖြစ်ကြောင်း သိရသည်။

အမည်ပေး

အဆိုပါ ငါးမျိုးစိတ်သစ်ကို ၂၀၀၄ ခုနှစ်တွင် ထိုင်းငါးကျွမ်းကျင်ပညာရှင် ကစ်တီပေါင်ဂျာရုသာနင်က လေ့လာတွေ့ရှိခဲ့ပြီးနောက် ဟီမန်တူရာကစ်တီပေါင်ဟု အမည်ပေးခဲ့ကြောင်း သိရသည်။ (ကိုးကား-အင်တာနက်)

ရုရှားအာကာသယာဉ်မှူး အာကာသ၌ ဂေါက်သီးရိုက်ကစားမည်

ဖော်ပြပါ ဓာတ်ပုံကို ဂေါက်သီးရိုက်ပစ္စည်းများ ထုတ်လုပ်ရောင်းချသော အဲလီးမင့်-၂၁က ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

လေ့ကျင့်နေ

ရုရှားအာကာသယာဉ်မှူး ပါဗယ်ဗီနိုဂရာဒို့ဗ် မော်စကိုမြို့ပြင် စတားစီးတီးရှိ အာကာသဆိုင်ရာ လေ့ကျင့်ရေးစခန်း၌ အာကာသဝတ်စုံကို ဝတ်ဆင်လျက် ဂေါက်သီးရိုက်လေ့ကျင့်ကစားနေခြင်းဖြစ်သည်။ **(ယာပုံ)**

သွားရောက်ခဲ့

၎င်းနှင့်အတူ ဘရာဇီးနိုင်ငံ၏ ပထမဆုံးသော အာကာသယာဉ်မှူး ဒုတိယဗိုလ်မှူးကြီး ပွန်တက်ဖ်နှင့်အမေရိကန်အာကာသယာဉ်မှူး ဝီလျံတို့သည် မတ် ၃၀ရက်က နိုင်ငံတကာ အာကာသစခန်းသို့ သွားရောက်ခဲ့သည်။

ဘရာဇီး အာကာသယာဉ်မှူးသည် ဧပြီ ၉ရက်က အခြားသော အာကာသယာဉ်မှူးနှစ်ဦးဖြင့် ကမ္ဘာမြေသို့အောင်မြင်စွာပြန်လည်ရောက်ရှိခဲ့သော်လည်း ရုရှားအာကာသယာဉ်မှူးနှင့် အမေရိကန်အာကာသယာဉ်မှူးတို့သည် အာကာသစခန်းတွင် ဆက်လက်ကျန်ရစ်နေခဲ့သည်။

အဆိုပါ ရုရှားအာကာသယာဉ်မှူး ဗီနိုဂရာဒို့ဗ်သည် ဩဂုတ်လတွင် အာကာသသို့ လမ်းလျှောက်ထွက်စဉ်အတွင်း ရွှေဖြင့်ပြုလုပ်ထားသော ဂေါက်သီးကို ရိုက်၍ကစားမည်ဖြစ်ကြောင်း သိရသည်။

(ကိုးကား-အင်တာနက်)

၁၃၆၇ ခုနှစ် ရန်ကုန်မြို့ မဟာသင်္ကြန်ပွဲတော် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကား

၁၃၆၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန် (အကြိုနေ့) တွင် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနား၌ ယိမ်းအကအဖွဲ့များ ဤသို့ကပြ ဖျော်ဖြေခဲ့ကြသည်။

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ဖဲကြိုးဖြတ်ဖွင့်လှစ်

၁၃၆၇ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန် (အကြိုနေ့) တွင် ရန်ကုန်မြို့တော်ဝန်သင်္ကြန် မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနား ကျင်းပရာ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက ဤသို့ ဖဲကြိုးဖြတ် ဖွင့်လှစ် ပေးခဲ့သည်။ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

မြန်မာ့ရိုးရာ မဟာသင်္ကြန် (အကြိုနေ့)တွင် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် မဏ္ဍပ်ဖွင့်ပွဲ၌ သင်္ကြန်လှပျိုဖြူလေးများကမြန်နှာ ယိမ်းအကဖြင့် ဤသို့ ဖျော်ဖြေခဲ့ကြသည်။

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ

၁၃၆၇ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန် (အကြိုနေ့) တွင် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းမကြီးရှိ ပိတောက်ရွှေရည် ရေကစားမဏ္ဍပ်၌ ဤသို့ ပျော်ရွှင်စွာ ရေပက်ကစားခဲ့ကြသည်။

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ယိမ်းအကဖြင့် ဖျော်ဖြေ

၁၃၆၇ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန် (အကြိုနေ့)တွင် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် မဏ္ဍပ်ဖွင့်ပွဲ၌ သင်္ကြန်သမီးပျိုလေးများက ယိမ်းအကဖြင့် ဤသို့ လှလှပပ၊ မြူးမြူးကြွကြွ...။

ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ပျော်ရွှင်စွာ ရေကစား

၁၃၆၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန် (အကြိုနေ့) တွင် မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာ့ ဂုဏ်ရည်လမ်း ရေကစားမဏ္ဍပ်၌ ဤသို့ ပျော်ရွှင်စွာ ရေကစားခဲ့ကြသည်။

ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

မြန်မာ့ရိုးရာမဟာသင်္ကြန် ရေသဘင်ပွဲတော် (အကြိုနေ့) တွင် ရန်ကုန်မြို့ ၁၆ လမ်းရှိ ဂရိတ်ဝေါ မိသားစု ရေကစားမဏ္ဍပ်၌ ပျော်ရွှင်စွာ ဤသို့ ရေကစားကြသည်မှာ...။

ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

သာကေတမြို့နယ် ၂/မြောက်ရပ်ကွက်ဓမ္မာရုံတွင် ဧပြီ ၇ရက်က သာကေတမြို့နယ် မင်းကွန်းတောင်ရိုး ဓမ္မသာရ ရေ၊ မီး၊ ဆွမ်း၊ ဆေး အဖွဲ့ကတစ်မြို့နယ်လုံးအလှူကောက်ခံရရှိငွေကျပ် ၁၇၈၈၃၉၀ ကို ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်တင့်နှင့် သာကေတမြို့နယ်မင်းကွန်းတောင်ရိုး ဓမ္မသာရအဖွဲ့ဥက္ကဋ္ဌ ဦးခင်ဝင်းတို့က မင်းကွန်းတောင်ရိုး အကျိုးတော်ဆောင်ချုပ်ဆရာတော်ထံ ပေးအပ်လှူဒါန်းစဉ်။ (၂၅၈)

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ဖွင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ရန်ကုန် ဧပြီ ၁၃

၁၃၆၇ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်၌ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတက်ရောက်၍ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြား၍ ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်အားပေး

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ရန်ကုန်မြို့တော်မဟာသင်္ကြန်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးတင်စိုးနှင့် ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနမှူးများ၊ အထောက်အကူပြုလုပ်ငန်းကော်မတီဝင်များ၊ မြို့တော်ဝန်မဟာသင်္ကြန် မဏ္ဍပ်၌ ပါဝင်ဆင်နွှဲကြမည့် တေးဂီတ အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် ယိမ်းအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ရေသဘင်ပွဲတွင် ပါဝင်ဆင်နွှဲကြမည့်ပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်အားပေးကြသည်။

ဖွင့်ပွဲအခမ်းအနား မစတင်မီ ရှေးဦးစွာ ယိမ်းအဖွဲ့ဝင်များသည် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ် ရှေ့မျက်နှာစာရှိ သတ်မှတ်နေရာအသီးသီးတွင်နေရာယူကြသည်။

နှုတ်ခွန်းဆက်စကား

ထို့နောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ၁၃၆၇ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်မဏ္ဍပ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်ရာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များက "မန်းတောင်ရိပ်ခို" သီချင်းကိုသံပြိုင်သီဆိုကြပြီး ကကြိုး ကကွက်စုံညီစွာဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ကပြဖျော်ဖြေတင်ဆက်

ဆက်လက်၍ ပြိုင်ပွဲဝင် ယိမ်းအဖွဲ့များက ကပြဖျော်ဖြေ တင်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညပိုင်းတွင် အိုးစည်ပြိုင်ပွဲ၌ "ရွှေဝမောင်"၊ "နဂါးပျံမိသားစု"နှင့် "တော်ဝင်မောင်"တို့ကလည်းကောင်း၊ ၁၂ ဦးယိမ်းကျောင်းပြိုင်ပွဲ တွင် အထက (၂) ကမာရွတ်၊ အထက(၃) ဒဂုံမြို့သစ် (မြောက်ပိုင်း)နှင့် အထက(၂) ဒေါပုံ ပြိုင်ပွဲဝင်အသင်းများက ဝင်ရောက်ယှဉ်ပြိုင်ဖျော်ဖြေကြသည်။

(သတင်းစဉ်)

■ ရှေ့ဖုံးမှ

ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်နှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆိုကြိုးပမ်းမှုများ မပြုလုပ်ရန် မဟာသင်္ကြန် စည်းကမ်းထိန်းသိမ်းရေးကော်မတီက တိုက်တွန်းနှိုးဆော်ထားသကဲ့သို့ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ၊ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ကြပါ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါဟု ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ဆင်နွှဲသူများအား တိုက်တွန်း နှိုးဆော်ထားသည်။

ထို့ကြောင့် ယနေ့သင်္ကြန်အကြိုနေ့တွင် ရန်ကုန်မြို့အနှံ့အပြားရှိ မြို့နယ်အသီးသီးတွင်ယနေ့ညနေပိုင်းမှစတင်၍ မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာနှင့် အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲကြသည်။

ပျော်ရွှင်စွာဆင်နွှဲ

ထိုသို့ ဆင်နွှဲရာတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်၌ ရေကစားမဏ္ဍပ်များဆောက်လုပ်၍ ရေကစားကြရာတွင် တာမွေမြို့နယ်၌ ခြောက်ခု၊ တောင်ဥက္ကလာပမြို့နယ်၌ ကိုးခု၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၌ နှစ်ခု၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌သုံးခု၊ ပုဇွန်တောင်မြို့နယ်၌လေးခု၊ ဗိုလ်တထောင်မြို့နယ်၌ သုံးခု၊ မင်္ဂလာတောင်ညွန့်မြို့နယ်၌ ၁၈ ခု၊ မြောက်ဥက္ကလာပမြို့နယ်၌ ခြောက်ခု၊ ရန်ကင်းမြို့နယ်၌ ၁၂ ခု၊ သာကေတမြို့နယ်၌ သုံးခုနှင့် သင်္ဃန်းကျွန်းမြို့နယ်၌ ငါးခု ဆောက်လုပ်၍ ရိုးရာမဟာသင်္ကြန်ပွဲကို ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသကဲ့သို့ ရန်ကုန်အနောက်ပိုင်းခရိုင်၌ မဏ္ဍပ်အကြီး ခြောက်ခု၊ မဏ္ဍပ်အလတ် ၁၉၅ ခုနှင့် မဏ္ဍပ်အသေး ၆၀ ဆောက်လုပ်ကာ ရိုးရာမဟာသင်္ကြန်ပွဲကို ပျော်ရွှင်စွာဆင်နွှဲကြသည်။

ထိုသို့ ပျော်ရွှင်စွာ ဆင်နွှဲကြရာတွင် ၁၃၆၇ ခုနှစ် ဗိုလ်ချုပ်အောင်ဆန်းဈေးမိသားစု ရိုးရာ မဟာသင်္ကြန် ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းတည့် ၁၂နာရီတွင် အဆိုပါမဏ္ဍပ်၌ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးတင်စိုး၊ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ အမှတ်(၄) စစ်ဒေသမှူး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ထွန်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်၊ ဈေးသာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးစံငြိမ်း၊ အာကာမြင့်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးဝမ်လီချမ်းနှင့် ဟိုန်းရွှမ်းကုမ္ပဏီမှ ဦးလီကျုံးတို့က မဏ္ဍပ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ပျော်ရွှင်စွာ ရေပက်ကစားကြသည်။

ထွန်းရွှေဝါရေကစားမဏ္ဍပ်

ရန်ကုန် အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ် အမှတ်(၂)ရပ်ကွက် ၅လမ်းမိသားစု၏ ထွန်းရွှေဝါရေကစားမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ကျုံးကြီးလမ်းနှင့် ၅ လမ်းအရှေ့ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးတို့က ပီတောက်ရွှေဝါ ရေကစားမဏ္ဍပ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးလိုက်ရာ မေတ္တာညွန့်ယိမ်းအဖွဲ့နှင့်တာမွေကြီး(က/ဂ) ယိမ်းအဖွဲ့တို့မှ သမီးပျိုလေးများက မြန်နန္ဒာသီချင်းဖြင့်ကပြဖျော်ဖြေကြသည်။

ပိတောက်ရွှေရည်

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ ပိတောက်ရွှေရည် ရေကစားမဏ္ဍပ် ဖွင့်ပွဲကို ညနေ ၃နာရီတွင် ကျင်းပရာ အမှတ်(၄)စစ်ဒေသမှူး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ထွန်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင်

၁၃၆၇ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်အကြိုနေ့ ညနေပိုင်းက မင်္ဂလာတောင်ညွန့်မြို့နယ် ပိတောက်ရွှေရည် ရေကစားမဏ္ဍပ် ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (မြန်မာ့အလင်း)

ထောင့်ရှိရေကစားမဏ္ဍပ်၌ကျင်းပရာ အမှတ်(၄)စစ်ဒေသမှူး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ထွန်း၊ ရန်ကုန်အနောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်နှင့် ဦးထွန်းရွှေ(ထွန်းရွှေဝါ ဆေးတိုက်)တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ပိတောက်ရွှေဝါရေကစားမဏ္ဍပ်

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးပြုလုပ်သော ပိတောက်ရွှေဝါ ရေကစားမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို တာမွေမြို့နယ် တာမွေပလာပဇာရှေ့၌ ညနေ ၄ နာရီတွင်ကျင်းပရာ အမှတ်(၂) စစ်ဒေသမှူး ဒုတိယဗိုလ်မှူးကြီးနေမျိုး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်၊ ရန်ကုန်တိုင်းရဲတပ်ဖွဲ့ကြီးမှဲကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်၊ မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကို၊ နေကာနန်းတော်၊ ပါဝါနန်းတော်၊ နာရီနန်းတော်မှ မန်နေဂျင်းဒါရိုက်တာဒေါ်ခင်မာဆွေနှင့်ဒါရိုက်တာ ဦးဇော်နိုင်တို့က ပိတောက်ရွှေရည် ရေကစား မဏ္ဍပ်ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

နွေနှောင်းလေပြည်

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်"နွေနှောင်းလေပြည်" မဟာသင်္ကြန်ဖျော်ဖြေရေး မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို ညနေ ၅နာရီခွဲတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၂၂)ရပ်ကွက် ရောဝဏ်လမ်း၌ကျင်းပရာ အမှတ်(၂)စစ်ဒေသမှူး ဒုတိယဗိုလ်မှူးကြီး နေမျိုး၊ ရန်ကုန်အရှေ့ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလှိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့အတူ ရန်ကုန်မြို့တစ်ဝန်းလုံးရှိ ဘုရား၊ ပုထိုး၊ စေတီများ၌ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ပွားများကြသူများဖြင့် စည်ကားလျက်ရှိသကဲ့သို့ ကမ္မဋ္ဌာန်းရိပ်သာများ၌ ရှုံးပိတ်ရက်ရှည်နားရက်ရရှိကြသော ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် တရားစခန်းဝင် ယောဂီများ စည်ကားစွာဖြင့် ကမ္မဋ္ဌာန်းတရားပွားများ အားထုတ်လျက် ရှိကြသည်။ **(သတင်းစဉ်)**

✡ ကျောဖုံးမှ

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် နံနက် ၉နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်ရှိ ကုန်းမြင့်သာ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ ရောက်ရှိကြရာ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့်အဖွဲ့ဝင်များသည် မရမ်းကုန်းမြို့နယ်ရှိ ကုန်းမြင့်သာနှင့် နဝဒေးကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ရန်ကင်းကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ တာမွေကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ် ပန်တျာလမ်းနှင့် ရွှေတိဂုံဘုရားလမ်းရှိ ပန်တျာကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း၊ စမ်းချောင်းမြို့နယ်ရှိ ဟံသာဝတီကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့လည်းကောင်း သွားရောက်၍ ဈေးများအတွင်း၌ အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီများ၊ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်နှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များ၏ ကြက်ဥ၊ ကြက်သားနှင့် ဟင်းသီးဟင်းရွက် အရောင်းဆိုင်များ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ စားအုန်းဆီနှင့် ကုန်ခြောက်ပစ္စည်းအရောင်းဆိုင်များ၊ ရန်ကုန်တိုင်း ကုန်စည်ဒိုင်၏ မီးဖိုချောင်သုံးပစ္စည်း၊ ကုန်ခြောက်ပစ္စည်းနှင့် လူသုံးကုန် ပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အခွန်လွတ်ဈေးများ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းကြရန်၊ အလေးချိန်ခွင်များ မှန်ကန်ရေးကို တာဝန်ရှိသူများက ကြပ်မတ်ကြရန်နှင့် ဈေးရောင်းချသူများကလည်း သန့်ရှင်းလတ်ဆတ်သည့် ဟင်းသီးဟင်းရွက်နှင့် အသား၊ ငါးများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချကြရန်မှာကြားပြီး ဈေးဝယ်သူ၊ ဈေးရောင်းချသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

(သတင်းစဉ်)

မဟာသင်္ကြန်အကြိုနေ့က ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းလျားလမ်း၌ ပျော်ရွှင်စွာရေပက်ကစားနေသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

(၁၉)လမ်းမိသားစု Valiant ရေကစားမဏ္ဍပ်ဖွင့်

ရန်ကုန် ဧပြီ ၁၃

လသာမြို့နယ်အမှတ်(၄)ရပ်ကွက် (၁၉)လမ်းမိသားစု မဟာသင်္ကြန် Valiant ရေကစားမဏ္ဍပ်ဖွင့်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် အဆိုပါ မဏ္ဍပ်ရှေ့၌ကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ အမှတ်(၄) စစ်ဒေသမှူး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ထွန်း၊ လသာမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ Myanmar Towards Co., Ltd. နာယက အဂ္ဂမဟာ သီရိသုဓမ္မ သိင်္ဂီဒေါ်နီတို့က ဖဲကြိုးဖြတ်၍မဏ္ဍပ်ကို ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

အဆိုပါ ရေကစားမဏ္ဍပ်၌ တေးသံရှင်များက တေးဂီတအဖွဲ့ဖြင့် သီဆိုဖျော်ဖြေ ဧည့်ခံပြီး စတုဒိသာ အလှူကျွေးမွေးခြင်းတို့ကို မဟာသင်္ကြန် အတက်နေ့အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

■ **ကျောဖုံးမှ**

(ခ) ၂၄-၁၂-၂၀၀၄ ရက်နေ့ ၁၂၀၀ အချိန်ခန့်တွင် ကရင်ပြည်နယ် အောင်သံလွင်အားကစားကွင်းရှေ့ရှိ မျောက်မင်းအားကစားပစ္စည်းအရောင်းဆိုင်၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ပြည်နယ်ဘောလုံး လက်ရွေးစင်လူငယ်များဖြစ်ကြသော အောင်မျိုးမြင့်(၂၀နှစ်) သေဆုံး၍ ချစ်ညီညီ(၁၉နှစ်)၊ အောင်စိုးမိုး(၁၉နှစ်)နှင့် ဆိုင်ပိုင်ရှင် ဝင်းဖုန်းကျော်(၁၇နှစ်)တို့ သုံးဦးထိခိုက်ဒဏ်ရာများ ရရှိ ခဲ့ပါသည်။ ၂၄-၁၂-၂၀၀၅ရက်နေ့တွင် ဖမ်းဆီးရမိသော ABSDF ရင်း(၉)၊ ခွဲ(၂)မှ တပ်သား အဆင့်ရှိ စန်းထွေး(ခ)ရှမ်းပုပ်၏ ဝန်ခံထွက်ဆိုချက်အရ ဖြစ်စဉ်ပါ ဖောက်ခွဲမှုမှာ ၎င်း၏တပ်ခွဲမှူးဖြစ်သူ ဗိုလ်ကြီးအဆင့်ရှိ စောကျော်လေး(ခ)စောသမူဟဲက တာဝန်ပေးအပ်ခဲ့ကြောင်းနှင့် ၎င်းကိုယ်တိုင် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိရပါသည်။

(ဂ) ၇-၅-၂၀၀၅ ရက်နေ့ ၁၄၄၅ အချိန်ခန့်တွင် ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ကုန်သွယ်မှုဗဟိုဌာန ထိုင်းကုန်စည်ပြပွဲကျင်းပရာ အဆောက်အအုံနေရာ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ Junction-8 Shopping Center City Mart အရောင်းဆိုင်နှင့် စမ်းချောင်းမြို့နယ် ဒဂုံစင်တာစသည့်နေရာ သုံးနေရာ၌ တစ်ပြိုင်တည်း ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းကြောင့် အပြစ်မဲ့ပြည်သူ ၂၃ဦး သေဆုံးခဲ့ရပြီး ၁၅၀ ဒဏ်ရာရရှိခဲ့ပါသည်။ ဖြစ်စဉ်အား စိစစ်ဖော်ထုတ်ရာတွင် ဖမ်းဆီးရမိ Network for Democracy and Development (°NDD°) အဖွဲ့ဝင် များနှင့် အလင်းဝင် ABSDF တပ်ဖွဲ့ဝင်များထံမှ အတည်ပြု ဖော်ထုတ်ချက်အရ ဖြစ်စဉ်ပါ ဗုံးဖောက်ခွဲမှုများမှာ National Coalition Government of the Union of Burma (°NCGUB°), National Council of the Union of Burma (°NCUB°), Faderation of Trade Union of Burma (°FTUB°)တို့၏ ငွေကြေးအထောက်အပံ့နှင့် တာဝန်ပေးစေခိုင်းချက်များကြောင့် NDD မှ အောင်မင်း၊ ABSDF မှ ဇော်ဝင်းလွင်၊ နဲပလဲဒိုနှင့် ကိုပေါက်တို့ ပါဝင်သောအဖွဲ့က ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရပါသည်။

(ဃ) ၈-၁-၂၀၀၆ ရက်နေ့ ၀၈၁၅ အချိန်ခန့်၌ စစ်ကိုင်းတိုင်း တမူးမြို့နယ် နန်းဖာလုံဈေးအတွင်းရှိ စားသောက်ဆိုင် မီးဖိုခန်းတွင် ဗုံးပေါက်ကွဲမှုကြောင့် အပြစ်မဲ့သူဆိုင်ရှင် ဦးမောင်မောင်ထွန်း (၄၃)နှစ်သည်လည်းကောင်း၊ ၁၀၄၅အချိန်၌ "ရွှေကောင်းလှျံ" လက်ဖက်ရည်ဆိုင် မီးဖိုခန်း၌ ဗုံးပေါက်ကွဲမှုကြောင့် ဆိုင်ရှင် မောင်စိုး(ခ)စိုးမြင့်(၃၈နှစ်)သည် လည်းကောင်း မိုင်းစထိမှန်သေဆုံး ခဲ့ပါသည်။ ဖြစ်စဉ်တွင် ကိုယ်တိုင်ကျူးလွန်ပါဝင်ခဲ့ပြီး ၁၅-၁-၂၀၀၆ရက်နေ့တွင် ဖမ်းဆီးရမိခဲ့သူ ABSDF (အနောက်ပိုင်း) ဒုတိယစစ်ရေးတာဝန်ခံ ချစ်သိန်းထွန်းနှင့် ABSDF (အနောက်ပိုင်း) မိုးရေးရုံးခွဲတာဝန်ခံ မောင်မောင်ဦးတို့က ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့၏ ကိုယ်တိုင် ဝန်ခံချက်များအရ ဖော်ထုတ်သိရှိရပါသည်။

၃။ ပြည်သူ၊ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့က ဝိုင်းဝန်းဖော်ထုတ်နိုင်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ အမြောက်အမြား ထိခိုက်သေကျေပျက်စီးမည့် ဘေးအန္တရာယ်မှကာကွယ်နိုင်ခဲ့သော ရက်စက်သည့်အကြမ်းဖက် လုပ်ရပ်များအနက်မှ အချို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) ၄-၁-၂၀၀၀ရက်နေ့တွင် ရန်ကုန်မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံအနီး၌ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများဖြင့် ပြည်သူများအေးချမ်းစွာ လှုပ်ရှားသွားလာနေစဉ် ပေါက်ကွဲစေရန် စီမံတပ်ဆင်ထားသည့် ဗုံးတစ်လုံးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်မီ ဖော်ထုတ် သိမ်းဆည်းနိုင်ခဲ့ပါသည်။ ဖမ်းဆီးရမိထားသော °PP-21 အဖွဲ့ဝင် စိုးသီဟ(ခ)သူရကျော်ဇင်၏ ဝန်ခံထွက်ဆိုချက်အရ ယင်းဖြစ်စဉ်တွင် ၎င်းကိုယ်တိုင်ဦးစီးလျက် PP-21 အဖွဲ့ဝင်များဖြစ်ကြသော ရဲကျော်စွာ၊ နိုင်နိုင်၊ မင်းမင်း(ခ)ကျော်ကျော်တို့နှင့်အတူ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ် သိရှိရပါသည်။

(ခ) ၅-၂-၂၀၀၅ရက်နေ့ ၁၇၀၀ အချိန်ခန့်တွင် တနင်္သာရီတိုင်း၊ တနင်္သာရီမြို့နယ်၊ ချောင်းကြီးရပ်ကွက်၌ ABSDF အဖွဲ့မှ ဝင်းအောင်(ခ)ညိုဝင်းအောင်(ခ)စောဉာဏ်လင်းအား ၂ ဒသမ၅ လက်မခန့်ရှိ စနက်တံတပ်ဆင်ထားသော ဝါးယမ်းတောင့် ၂၄တောင့်၊ ပေါက်ကွဲယမ်းတစ်ပေါင်၊ ပါဝါဓာတ်ခဲအကြီး ငါးလုံးနှင့်မိုင်းထောင်ရာတွင်အသုံးပြုမည့် အကူပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။ ၎င်းကိုယ်တိုင် ဝန်ခံထွက်ဆိုချက်အရ တနင်္သာရီတံတားတိုင်အမှတ်(၈)အား ဖျက်ဆီးရန်လာရောက်စဉ် ဖမ်းဆီးခံရကြောင်း ဖော်ထုတ်သိရှိရပါသည်။

(ဂ) ၇-၂-၂၀၀၆ရက်နေ့ ၀၂၀၅အချိန်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရန်ကုန်-မန္တလေးရထားလမ်း၊ ကွင်းချောင်းတံတား ရထားသံလမ်းပေါ်တွင် TNT ယမ်း ၁၀ပေါင်ခန့် အလေးချိန်ရှိသော မိုင်း နှစ်လုံးနှင့် ဝါယာကြိုးအပျော့ ၈၅ ပေတို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ၀၇၃၀ အချိန်တွင် အနီးရှိ သစ်ပင်ခြေရင်း၌ ပေါက်ကွဲစေရန် အသင့်ချိန်ရွယ်ထားသည့် ၃ ဒသမ ၅ ရော့ကက်လောင်ချာ ဗုံးသီးတစ်လုံးအား ၁၁၀၀နာရီ အချိန်ကိုက်ထားသော စားပွဲတင်နာရီနှင့် ပူးတွဲချည်နှောင်ထားသည်ကို ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့ပါသည်။ မိမိလက်ခံသတင်းအရ National League for Democracy (Liberated Area) (NLD-LA)မှ စံကြီးနှင့် ငါးဦးပါအဖွဲ့သည် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်အတွင်း တစ်ဖက်နိုင်ငံ မဲဟောင်ဆောင်ဒေသဘက်မှ ပြည်တွင်းသို့ ဝင်ရောက်လာပြီး ပဲခူး-တောင်ငူ-ပျဉ်းမနား လမ်းကြောင်းတစ်လျှောက် ဖြစ်စဉ်ပါနေရာတွင် ဖောက်ခွဲဖျက်ဆီးရေးအတွက် စီမံဆောင်ရွက်ထားခဲ့ခြင်း ဖြစ်ကြောင်း ဖော်ထုတ် သိရှိရပါသည်။

(ဃ) ၂၃-၂-၂၀၀၆ရက်နေ့ ၀၆၄၀အချိန်ခန့်တွင် ပဲခူးတိုင်း တောင်ငူမြို့နယ်အတွင်း၌ မန္တလေး-ရန်ကုန် ရထားလမ်း မိုင်တိုင် အမှတ် ၁၇၆/၂၀ သံလမ်းအောက်တွင် TNT ယမ်း ခုနစ်ပေါင်၊ ယမ်းပျော့မှုန့် တစ်ပေါင်၊ ရှိုးရိုးယမ်းတစ်ပေါင်၊ ဒစ်တိုနိတာ ၁၂ခု၊ ဓာတ်ခဲအလုံး၂၀တို့အား ထပ်မံ သိမ်းဆည်းရမိခဲ့ပါသည်။ မိမိအမာခံ သတင်းပေးချက်အရ NLD-LA မှ စံကြီးနှင့် ငါးဦးပါအဖွဲ့က စီမံဆောင်ရွက်ထားခဲ့ခြင်းပင်ဖြစ်ကြောင်း ဖော်ထုတ်သိရှိရပါသည်။

၄။ အထက်ပါဖောက်ခွဲဖျက်ဆီးမှုများအပြင် ပြည်သူအတွင်း အကြမ်းဖက်ဆူပူမှုများ ထပ်မံဖြစ်ပေါ်လာစေရန် ရည်ရွယ်ချက်ဖြင့် အောက်ပါအဖျက်အမှောင့်လုပ်ရပ်များကိုပါ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

(က) ၅-၇-၂၀၀၅ရက်နေ့တွင် ပဲခူးမြို့၌ဖမ်းဆီးရမိသော ပဲခူးမြို့ နန်းတော်ရာရပ် ဥသာ(၂)လမ်း၊ အမှတ်(၉၁၀)နေ လှမြင့်သန်း(ခ)လှမြင့်၏ဝန်ခံထွက်ဆိုချက်အရ ပြည်ပအခြေစိုက် NLD- LA အတွင်းရေးမှူး မြင့်သိန်းထံမှ ၂၀၀၃ ခုနှစ် ဧပြီလခန့်တွင် တရားမဝင် ဂြိုဟ်တုဖုန်းတစ်လုံး လက်ခံရယူခဲ့ပြီး ပြည်တွင်းအမာခံတာဝန်ဖြင့် နိုင်ငံတော် မတည်မငြိမ်ဖြစ်စေသော သတင်းများအား ပြည်ပရှိ NLD- LA ထံ ပေးပို့ခဲ့ကြောင်း ဖော်ထုတ်သိရှိရပါသည်။

(ခ) ၂၃-၃-၂၀၀၆ ရက်နေ့ ၁၁၀၀နာရီအချိန်တွင် မြဝတီမြို့၌ ဖမ်းဆီးရမိခဲ့သော NDD အဖွဲ့ဝင် ဆရာရဲ(ခ)သန်းဦး၏ ဝန်ခံထွက်ဆိုချက်အရ ပြည်သစ်ညွန့်ဝေ(ခ)မောင်မောင်သည် NCGUB မှ ပြည်ပြေးစိန်ဝင်း၏ တပည့်တစ်ဦးဖြစ်ပြီး ပြည်ပြေးစိန်ဝင်း၏ အကြံဉာဏ်ဖြင့် နိုင်ငံတကာမှအထောက်အပံ့များရယူ၍ နိုင်ငံတော်အတွင်း အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် FTUB°ကို ဖွဲ့စည်းခဲ့ကြောင်း၊ ပြည်သစ်ညွန့်ဝေ(ခ)မောင်မောင်သည် နိုင်ငံတကာမှရရှိသော ထောက်ပံ့ငွေများဖြင့် အကြမ်းဖက်ဖောက်ခွဲရေးသမားဖြစ်သည့် NDD သိန်းဝင်းမှတစ်ဆင့် မြန်မာနိုင်ငံအတွင်း အဖျက်အမှောင့်လုပ်ငန်းမျိုးစုံဆောင်ရွက်နိုင်ရန် ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိကြောင်းနှင့် ပြည်သစ်ညွန့်ဝေ(ခ) မောင်မောင်သည် ကွန်ပျူတာအသုံးပြု၍ ဖောက်ခွဲရေး လုပ်ငန်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်သူဖြစ်ကြောင်း ဖော်ထုတ်ရရှိပါသည်။ ထို့အပြင် ဖမ်းဆီးရမိထားသော NDDအဖွဲ့ဝင် ဝေလင်း၊ အောင်မိုးနှင့် ယုန္တတ်(ခ)အောင်ချိုဦးတို့၏ ထွက်ဆိုချက်များအရလည်း ထပ်မံအတည်ပြု သိရှိရပါသည်။

(ဂ) ၂၄-၃-၂၀၀၆ရက်နေ့ ၁၆၀၀နာရီအချိန်တွင် မြဝတီဂိတ်၌ဖမ်းဆီးရမိသော ပဲခူးမြို့မှ အောင်သန်း (ခ)အောင်မိုးနှင့် ဇေယျာအောင်တို့နှစ်ဦး၏ ဝန်ခံထွက်ဆိုချက်များအရ ၎င်းတို့သည် NLD- LA လူငယ် တာဝန်ခံသောင်းဒန်ချို၏ တာဝန်ပေးချက်ဖြင့် ပြည်တွင်း၌ နိုင်ငံရေးသွေးထိုး လှုံ့ဆော်မှုများ ပြုလုပ်ရန်နှင့် တက္ကသိုလ်ကျောင်းသားများအား စည်းရုံးပြီး ပြည်တွင်းနိုင်ငံရေး တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် လှုံ့ဆော်သည့်ကဗျာစာအုပ်များ ဖြန့်ဝေခဲ့ကြောင်း ဖော်ထုတ် သိရှိရပါသည်။

၅။ အထက်ပါ အကြမ်းဖက်မှုများကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌သော် လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြင်ပမှနေ၍သော်လည်းကောင်း၊ အောက်ပါ တရားမဝင်အဖွဲ့အစည်းများက တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ အုပ်စုဖွဲ့၍သော်လည်းကောင်း ပြုလုပ်နေကြောင်း သက်သေခံအထောက်အထားများ ခိုင်လုံစွာတွေ့ရှိရပါသည်။

(က) ဒေါက်တာစိန်ဝင်းနှင့် ယင်းဦးစီးသော ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်း အစိုးရအဖွဲ့ (°NCGUB°)

(ခ) လှဦး၊ ပြည်သစ်ညွန့်ဝေ(ခ)မောင်မောင်နှင့် ယင်းတို့ဦးစီးသော မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ် (°FTUB°)

(ဂ) သံခဲနှင့် ယင်းဦးစီးသော မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (°ABSDF°)

(ဃ) ဝင်းခက်နှင့် ယင်းဦးစီးသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ) (°NLD-LA°)

၆။ သို့ပါ၍ အထက်အပိုဒ်(၅)ပါ အဖွဲ့အစည်းများနှင့် ယင်းအဖွဲ့ဝင်များသည် အကြမ်းဖက်သူများဖြစ်ကြောင်း ကြေညာလိုက်သည်။

အမိန့်အရ

ဗိုလ်ချုပ်မောင်ဦး
ဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန။

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းပုံနှိပ်စက်များ ဦးဆောင်ညွှန်ကြားရေးမှူး လှည့်လည်ကြည့်ရှုစစ်ဆေး မှာကြား

ရန်ကုန် ဧပြီ ၁၃

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအောက်ရှိ သတင်းစာတိုက်များသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းမှာကြားသည်။

ရှေးဦးစွာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းသည် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ The New Light of Myanmar သတင်းစာတိုက်သို့ နံနက် ၁၀ နာရီက ရောက်ရှိပြီး သတင်းစာတိုက်၏ ပုံနှိပ်စက်ခန်းအတွင်း စက်များကြံ့ခိုင်ရေးအတွက် ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ စာတည်းမှူးချုပ် ဦးမောင်မောင်အေးနှင့်မန်နေဂျာဦးထွန်းထွန်းလတ်တို့က လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြ၍ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက လိုအပ်ချက်များ မှာကြားပြီး ပုံနှိပ်စက် ဝန်ထမ်းများအတွက် ဝန်ကြီး၏ ဂုဏ်ပြုဆုငွေကို ပုံနှိပ်စက်ကြီးကြပ်ရေးမှူးထံ ပေးအပ်သည်။

စေတနာအပြည့်ထား

ယင်းနောက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းသည် ယင်းသတင်းစာတိုက်ရှိ Imagesetter Room၊ Platemaker Room၊ Computer Room တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများကို စေတနာအပြည့်ထား ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းသည် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြန်မာ့အလင်းပုံနှိပ်တိုက်သို့ နံနက်၁၁နာရီခွဲတွင် ရောက်ရှိရာ စာတည်းမှူးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများ က ပုံနှိပ်စက်များ၏ စက်စွမ်းအား အခြေအနေများကို ရှင်းလင်း တင်ပြကြသည်။ ဦးဆောင်ညွှန်ကြားရေးမှူးသည် ပုံနှိပ်တိုက်ရှိ စက်ခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပုံနှိပ်စက်ဝန်ထမ်းများ အတွက် ဝန်ကြီး၏ ဂုဏ်ပြုဆုငွေကို ပေးအပ်သည်။

စီမံဆောင်ရွက်ထား

ထိုမှတစ်ဆင့် ဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးဝင်းသည် ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ် (၁) အမှတ် ၅၃ ရှိ မြန်မာ့အလင်းသတင်းစာတိုက်သို့ မွန်းလွဲ၁၂နာရီခွဲတွင် ရောက်ရှိရာ စာတည်းမှူးချုပ် ဦးရဲမြင့်ဖေနှင့် တာဝန်ရှိသူများက ပုံနှိပ်စက်အသုံးပြုခဲ့မှုနှင့် စက်ကြံ့ခိုင်ရေး စီမံဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြကြသည်။

ပြန်ကြားရေးဝန်ကြီးဌာနသတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း မြန်မာ့အလင်းပုံနှိပ်တိုက် ပုံနှိပ်စက် ဝန်ထမ်းများအတွက် ဝန်ကြီး၏ ဂုဏ်ပြုဆုငွေကို ပေးအပ်စဉ်။ (သတင်းစဉ်)

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက ပုံနှိပ်စက်များ အရည်အသွေးကောင်းမွန်ပြီး စက်စွမ်းအားပြည့်လည်ပတ်နိုင်ရန်၊ ပုံနှိပ်စက်များ ကြံ့ခိုင်ရေး အစဉ်အမြဲ စေတနာထား ဆောင်ရွက်နေရန်၊ စက်အပိုပစ္စည်းများကို လုပ်ငန်းဆောင်ရွက်ရာတွင် လွယ်လင့်တကူ ရရှိနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်နှင့် လိုအပ်ချက်များမှာကြားပြီး ပုံနှိပ်စက်ခန်း ဝန်ထမ်းများအတွက် ဝန်ကြီး၏ ဂုဏ်ပြုဆုငွေကို စက်ခန်း ကြီးကြပ်ရေးမှူးအား ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးဝင်းသည် မြန်မာ့အလင်းသတင်းစာတိုက် ကွန်ပျူတာခန်းနှင့် ဝန်ထမ်းအိမ်ရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဧပြီ ၁၃ရက်(မဟာသင်္ကြန်အကြိုနေ့)၊ ဧပြီ ၁၄ရက်(မဟာသင်္ကြန်အကျနေ့)နှင့် ဧပြီ ၁၅ရက်(မဟာသင်္ကြန်အကြတ်နေ့)တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေပြီး ယင်းနေ့များတွင် ကြေးမုံသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတို့ သုံးရက်တာ နားမည်ဖြစ်သည်။

ဧပြီ၁၆ရက်(မဟာသင်္ကြန်အတက်နေ့)၊ဧပြီ ၁၇ရက် (၁၃၆၈ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်)နှင့် ဧပြီ ၁၈ရက်တို့တွင် ကြေးမုံသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတို့ ထုတ်ဝေမည်ဖြစ်ပြီး ယင်းနေ့များတွင် မြန်မာ့အလင်းသတင်းစာ သုံးရက်တာနားမည်ဖြစ်သည်။ သတင်းစာတိုက်များသည် တစ်နှစ်တာ ကာလအတွင်း သုံးရက်မျှ ခေတ္တနားပြီး အဆိုပါ နားရက်များအတွင်း ပုံနှိပ်စက်ပိုင်းဆိုင်ရာ ဝန်ထမ်းများက ပုံနှိပ်စက်ကြံ့ခိုင်မှုများကို နားရက်မယူဘဲ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးဝင်း The New Light of Myanmar သတင်းစာတိုက် ပုံနှိပ်စက်ခန်းအတွင်း စက်များကြံ့ခိုင်ရေးအတွက် ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

သင်္ကြန်ချိန်ခါ သတိပြုဆောင်ခြင်ဖွယ်ရာ

မြင်းခြံ ကျော်အောင်

မြန်မာတို့၏ ၁၂ ရာသီပွဲများတွင် သင်္ကြန်ပွဲမှာ အပျော်ဆုံးဖြစ်သည်။ ကလေးများ၊ လူငယ်လူလတ်များ၊ လူကြီးများအားလုံး ပြုံးကြပျော်ကြသည်။ အပူဒဏ်မှ သင်္ကြန်က အကာအကွယ်ပေးထားသည်။ မြန်မာတို့ သင်္ကြန်ပွဲ ဆင်နွှဲသည်ကလည်း နှစ်ပေါင်းများစွာ ရှည်ကြာခဲ့ပြီ။ သို့သော် ရိုးသည်၊ အီသည်၊ ဝပြီမရှိ။

နှစ်သစ်ကူး သင်္ကြန်ချိန်ခါတွင် အများဆုံးဖြစ်တတ်သော အန္တရာယ်မှာ မော်တော်ယာဉ် မတော်တဆမှုပင် ဖြစ်သည်။ ယာဉ်စီးသူများကလည်း ပျော်သည်။ ယာဉ်မောင်းသူများကလည်း ပျော်သည်။ လမ်းပေါ်ရှိ လူအများနှင့် မဏ္ဍပ်အတွင်းအပြင်၌ ရေပက်သူ၊ ရေပက်ခံရသူများလည်း ပျော်ကြသည်။ ဤသို့ ပျော်သူများချည်းဖြစ်ရာမှ မိုးမမြင်လေမမြင်ဖြစ်ကာ သတိချွတ်၍ မတော်တဆမှုဖြစ်ရသည်။ ထိုသို့ မဖြစ်စေရန် အောက်ပါတို့အား သတိချပ်စေချင်ပါသည်–

- ယာဉ်မောင်းသူအနေဖြင့် အရက်သေစာ လုံးဝမသောက်စားရန်၊
- ယာဉ်မောင်းသူများအနီးတွင် အခြားသူများ ပူးကပ်ပြီး မထိုင်ရန်၊
- ယာဉ်မောင်းသူသည် မိမိ၏တာဝန်ကိုသာ ဂရုပြုပြီး အခြားနေရာများသို့ အာရုံမပျံ့ရန်၊
- ယာဉ်မောင်းစဉ် ဆေးလိပ်သောက်ခြင်း၊ လက်ကိုင်ဖုန်း စကားပြောခြင်းမပြုရန်၊
- ယာဉ်ကြော့ခိုင်ရေးကို အစဉ်သတိပြုရန်၊
- ယာဉ်ဘီးများသည် ရေစိုပြီး လမ်းသည်လည်း ရေစိုနေသဖြင့် လမ်းချော်တတ်သည်ကို သတိပြုရန်၊
- ထိန်းထိန်းသိမ်းသိမ်း မောင်းရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာရန်။

တစ်ဖန် ယာဉ်စီးသူများ (ရေပက်ခံသူများ) အနေဖြင့်လည်း အောက်ပါတို့ကို သတိချပ်စေချင်ပါသည်–

- ယာဉ်မောင်းသူများအား အနှောင့်အယှက် မဖြစ်အောင် ပြုမူပြောဆိုရန်၊
- အရက်အလွန်အကျွံ မသောက်ရန်၊
- ရေပက်ခံလည်သူအချင်းချင်း ဝိုင်းဝန်းထိန်းသိမ်းကူညီရန်။

လမ်းပေါ်နှင့် မဏ္ဍပ်အတွင်းအပြင် ပျော်ပါးရေကစားသူများ အနေဖြင့်–

- လမ်းစည်းကမ်းအားတိကျစွာလိုက်နာရန်၊
- လမ်းဖြတ်မကူးမီ ဘယ်ကြည့်ညာကြည့် ဘယ်ပြန်ကြည့် ညာပြန်ကြည့်ပြီးမှ ကူးရန်၊
- မောင်းနေသောယာဉ်ရှေ့မှ အဆောတလျင် ဖြတ်မကူးရန်၊
- ယာဉ်အကွယ်(သို့)အကွယ်တစ်ခုခုမှ ရှေ့သို့ထွက်လျှင် သေချာစွာကြည့်ရှုပြီး အန္တရာယ်ကင်းမှ ထွက်ခွာသွားရန်၊
- ရေပက်ရာတွင် ယာဉ်မောင်းများ၊ ယာဉ်၏ရှေ့ မှန်များအား မပက်ရန်၊
- အရက်ကို အလွန်အကြူး မသောက်ရန်၊
- ထုတ်ပြန်ထားသော ရေသဘင်စည်းကမ်းများအား တိကျစွာလိုက်နာရန်။

ဤအကြောင်းအချက်များအား ဂရုပြုလိုက်နာခြင်းဖြင့် မတော်တဆမှု အပါအဝင် အန္တရာယ်အသွယ်သွယ်မှ ကာကွယ်ပြီး ဖြစ်ပေမည်။

ယခုနှစ်သင်္ကြန်အခါသည် အကျ၊ အကြတ်၊ အတက်နေ့ဟူ၍ သုံးရက်ရှိပေသည်။ ဤသုံးရက်တွင် ရေပက်ကစားကြရသည်။ ဤသို့ ရေပက်ကစားရာတွင် ပျော်ရွှင်စွာ ပျော်မြူးကြရန်အတွက် ရေကစားချိန်အနေဖြင့် နံနက်ပိုင်းမှ နံနက်၁၁နာရီအထိသာ ကစားသင့်ပြီး မွန်းတည့် ၁၂နာရီမှ မွန်းလွဲ ၂နာရီ–၃နာရီအထိ အနားယူသင့်ကြပေသည်။

သင်္ကြန်အခါတွင် အခြားသတိပြုဖွယ်တစ်ခုမှာ ပင်လယ်၊ မြစ်၊ ချောင်း၊ ကန်များ၌ ရေကူးကစားခြင်းပြုရာတွင် ရေနစ်တတ်ခြင်းပင်ဖြစ်ပေသည်။ ရေကူး၊ ရေပက်သူများကလည်း အရက်သေစာသောက်စားထားမည်၊ ရေဆိပ်ကလည်း မိမိ တစ်ကြိမ်တစ်ခါမျှ မဆင်းဖူးသော နေရာဖြစ်မည်ဆိုပါက ရေအောက်ကြမ်းပြင်နှင့် အတိမ်အနက်မသိရှိရာမှ ရေနစ်တတ်ပေသည်။ ထို့ကြောင့် သင်္ကြန်ရက်များတွင် ပင်လယ်၊ မြစ်၊ ချောင်း၊ ကန်များ၌ ရေကူး၊ ရေပက် မကစားခြင်းသည်သာ အန္တရာယ်အကင်းဆုံး ဖြစ်ပေသည်။

သင်္ကြန်အခါ၌ ရှောင်အပ်သည်များကို ရှေးလူကြီးသူမများက– "သင်္ကြန်နေ့၌ မတွေ့ဝေးစွာ၊ ရှောင်ကုန်ရာကား၊ မသာနှလုံး၊ ညှိုးချုံးစိုးရိမ်၊ မငြိမ်ပူဆွေး၊ ငိုကြွေးကုန်ထ၊ ကာမအရာ၊ မေထုနာနှင့် ပါဏာသတ်ပုတ်၊ သောက်ထုတ်သေရက်၊ မျက်ထွက်မာန၊ ပဋိဃနှင့် ဒေါသမလွတ်၊ ဆီပွတ်လိမ်းဆင်၊ သစ်ပင်ခုတ်ဖြတ်၊ သတ်ခတ်ကုန်ရှောင်း၊ အရောင်းအဝယ်၊ လဲလှယ်ဟူသည် ဤဆယ်မည်ကို လူ့ပြည်၌တွင် လူကိုပင်ထား၊ မြင်းမိုရ်ဖျားဝယ်၊ သိကြားသော်မှ မပြုရရာ၊ ရှောင်ကြဉ်ရာ"ဟု မှာကြားခဲ့ပါသည်။

"ရှေးထုံးကိုလည်းမပယ်နှင့် ဈေးသုံးကိုလည်းမလွယ်နှင့်"ဟူသော ရှေးလူကြီးမိဘများ ဩဝါဒအရ နှစ်သစ်တွင် ကျန်းမာချမ်းသာပြီး ကျက်သရေမင်္ဂလာအပေါင်း ခညောင်းကြစေရန်အတွက် လိုက်နာအပ်လှပေသည်။

ရှောင်စရာများ သတိပြုသကဲ့သို့ ဆောင်စရာများလည်း သတိပြုစေလိုပါသည်။ နှစ်သစ်မင်္ဂလာပြုစရာအနေဖြင့် အိမ်ထောင်စုတစ်ခုတွင် မိဘအုပ်ထိန်းသူများက ဦးစီးပြီး မိမိတို့အိမ်ဂေဟာ၏ကျက်သရေမင်္ဂလာ အရှိဆုံးနေရာဖြစ်သည့် ဘုရားစင်၊ ဘုရားခန်းသန့်ရှင်းရေးနှင့် မြတ်ဘုရားနှင့် ရဟန္တာကိုယ်တော်မြတ်တို့အား ရေသပ္ပာယ်ခြင်း၊ ပန်းများအသစ်လဲလှယ်ခြင်းများ ပထမဆုံး ပြုအပ်ပါသည်။ သို့မဟုတ် မိမိတို့နှင့် နီးစပ်ရာ မြတ်ဘုရားများသို့ သွားပြီး ဘုရားရေသပ္ပာယ်ခြင်း၊ ပန်း၊ ဆီမီး၊ တံခွန်ကုက္ကား မုလေးပွားများ လှူဒါန်းခြင်း ပြုအပ်ပေသည်။ မန္တလေးမှ သင်္ကြန်အလှ အကယာဉ်များသည် မြို့တွင်းမလှည့်မီ ပထမဦးစွာ မဟာမြတ်မုနိ ဘုရားကြီးထံ သွားရောက်ပြီး ဘုရားဝတ်ပြုကြကြောင်း သိရပေသည်။ အတုယူဖွယ်ရာ ကုသိုလ်ပြုမှုတစ်ခု ဖြစ်ပေသည်။

ဒုတိယပြုအပ်သည့်အမှုမှာ ကမ္မဋ္ဌာန်းတရားပွားများခြင်း အနည်းဆုံးအားဖြင့် အဓိဋ္ဌာန်ဖြင့် ပုတီးစိပ်ခြင်း၊ ဘာဝနာပြုခြင်းများ ပြုအပ်ပါသည်။ တတိယမှာ သံဃာတော်မြတ်များအား တတ်စွမ်းသမျှ လှူဒါန်းခြင်း ပြုအပ်ပါသည်။

စတုတ္ထမှာ မိဘ၊ ပဉ္စမမှာ ဆရာသမားများအား လက်အုပ်ချီမိုးရှိခိုးခြင်းနှင့် တတ်စွမ်းသမျှ ဝတ္ထုအစုစုဖြင့် ပေးလှူခြင်းပြုအပ်ပေသည်။ အခြားပြုအပ်သည့် ကိစ္စအထွေထွေမှာ တစ်အိမ်ထောင်ချင်းမှ စပြီး လမ်းအလိုက်၊ အပိုင်းအလိုက်၊ အစုအဖွဲ့အလိုက်၊ သင်္ကြန်အစားအစာများဖြစ်သော မုန့်လုံးရေပေါ်၊ သာဂူ၊ မုန့်လက်ဆောင်း၊ ဆန်ပြုတ်၊ ကြာဆံဟင်း၊ သင်္ကြန်ထမင်း၊ ဖျော်ရည် စသည်တို့အား စတုဒိသာ လေးမျက်နှာမှ ဝေနေယျများအား တတ်စွမ်းသမျှ ဒါနပြု ကျွေးမွေးခြင်းသည်လည်း လွန်စွာဝန်ပေါ့ပြီး ကျွေးရသူ၊ စားရသူ နှစ်ဦးနှစ်ဖက် ပျော်ရွှင်ချမ်းမြေ့ဖွယ် ဖြစ်ပါသည်။

သက်ကြီးရွယ်အို ခိုကိုးရာမဲ့ပုဂ္ဂိုလ်များအား ပြုစုကျွေးမွေးခြင်းသည်လည်း ထူးသောကုသိုလ်ပြုမှုတစ်ခုပင်ဖြစ်သည်။ ထို့ပြင် တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်း၊ အစာကျွေးခြင်းသည်လည်း ကောင်းမွန်သော အလှူဒါနဖြစ်ပါသည်။

ပျော်ခြင်းလေးသာပါဘိတယ် နိမိတ်ကောင်းယူမယ် နှစ်ဦးသင်္ကြန်တော်ဝယ် အထက်တွင် တင်ပြချက်များနှင့်အညီ ကျင့်ကြံနေထိုင်သွားနိုင်ကြပါစေဟု တိုက်တွန်းရင်း ပျော်ရွှင်ဖွယ်သင်္ကြန်ပွဲကို ယဉ်ကျေးသိမ်မွေ့စွာ ဆင်နွှဲနိုင်ကြပါစေကြောင်း ရေးသားတင်ပြအပ်ပေသည်။ ။

မြန်မာ့ရိုးရာ အတာသင်္ကြန်

* တန်ခူးမိဿ၊ စိတြနက္ခတ်
ရင်ခတ်ကံ့ကော်၊ ထုံသင်းပျော်သည်
ပွဲတော်အတာ ထူးလှသကို။

* နှစ်သစ်ချစ်ဦး၊ ပျော်ရွှင်မြူးသည့်
တန်ခူးနွေလ၊ သမယခါ
ရွှေဝါပိတောက်ဖူး၊ အလှထူးလို့
နှစ်ဦးကြိုကာ၊ ဝင်းထိန်ဝါသည်
ခါတော်တွင်းမို့ လင်းလှသကို။

* သင်္ကြန်နှစ်ဦး၊ လတန်ခူးတွင်
တစ်ဦးတစ်ဦး၊ ပျော်ရွှင်မြူးစေ
တာဦးရေဖျန်း၊ သာကြည်လျှမ်း၍
ရွှင်လန်းစိတ်မှာ၊ ဘေးကင်းကွာသည်
ရာသီချိန်ခွင့် သင့်လှသကို။

* ဗုဒ္ဓဘာသာ၊ မျိုးမြန်မာတို့
စဉ်လာမပျက်၊ သက်ကြီးဝါကြီး
လူကြီးဘိုးဘွား၊ မိဘများကို
ရေကုသိုလ်လှူ၊ အပူငြိမ်းစေ
လန်းရွှင်စေဟု၊ တောင်းဆုခြွေသည်
အတာရေမို့ အေးမြသကို။

* ကျောင်းကန်ဘုရား၊ အတူသွား၍
တရားသံဝေ၊ ဆုမွန်ခြွေကာ
များဝေနေယျာ၊ နှစ်ကူးခါတွင်
မင်္ဂလာအပေါင်း၊ ခညောင်းစေသား
ရုပ်ပွားရှင်တော်၊ ရေပူဇော်သည်
ရွှင်ပျော်တီးမှုတ် စုံလှသကို။

* စတုဒိသာ၊ ကျွေးမွေးကာဖြင့်
ရွာလယ်ဆုံရပ်၊ မဏ္ဍပ်အတွင်း
သင်္ကြန်ဒိုးသံ၊ တူးပို့ညံလျက်
တေးသံမစဲ၊ ရိုးရာပွဲကို
ဆင်နွှဲလူပျို၊ အပျိုလုံမေ
မုန့်လုံးရေပေါ်၊ စားကြပျော်ကြ
'သာလှ' 'ချက်ကြီး'၊ လူပျိုကြီးတို့
ငရုတ်သီးထိသော်၊ ရှူးရှဲအော်သည်
ပွဲတော်လာတို့ ပျော်လှသကို။ ။

ပိုးရန်နိုင် (ကျောက်ကြီး)

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

* အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
* သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှု သင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည် ဂက်စ်ဘူးဖြင့် ကစားက

၁။	လက်ဝယ်တွေ့သူ	–	ထောင်(၁)နှစ်
၂။	ကစားသူ	–	ထောင်(၃)နှစ်
၃။	ထုတ်လုပ်ရောင်းချသူ	–	ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

သတိပေးနှိုးဆော်ချက်

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူများ မူးယစ်သောက်စားပါက အရက်မူးတိုင်းကိရိယာဖြင့် တိုင်းတာ စစ်ဆေးအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

တိုက်ကြီးနှင့် လှည်းကူးမြို့နယ် မြို့ပြနှင့် ကျေးလက်လမ်းလုပ်ငန်းများ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ စစ်ဆေး၊ ဆောင်ရွက်ပြီးလုပ်ငန်းများ ထိန်းသိမ်းရေးမှာကြား

ရန်ကုန် ဧပြီ ၁၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြဲတိုင်းဆောင်နှင့် တိုင်းဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင်တို့လိုက်ပါလျက် တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိလာရာ တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးအောင်ထွန်းက တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော မြို့ပြ၊ ကျေးလက်လမ်းလုပ်ငန်းများနှင့် ပတ်သက်၍ ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လုပ်ငန်းများပြီးစီးသွားသော်လည်း ဆောင်ရွက်ပြီးလုပ်ငန်းများအား စဉ်ဆက်မပြတ် ကြည့်ရှုထိန်းသိမ်းမှုများ ဆောင်ရွက်ရန် မှာကြားသည်။

မှာကြား

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပြုစုစိုက်ပျိုးထားသော ကြက်ဆူပင်ပျိုးခင်းအား ကြည့်ရှုစစ်ဆေးပြီး လျာထားချက်ပြည့်မီအောင် စိုက်ပျိုးထားရန်နှင့် ကျန်ပန်းပင်များကိုလည်း မြို့နယ်အတွက်သတ်မှတ်ထားသော အရေအတွက်အတိုင်း စိုက်ပျိုးပျိုးထောင်သွားရန် မှာကြားပြီး ရုံးရှေ့ရှိ ပန်းမနောတိုင်အား ပန်းပျိုးပင်များနှင့် အလှဆင်ထားသည်ကို ကြည့်ရှုပြီး မနောတိုင် စဉ်ဆက်မပြတ် ရေရရှိရေးအား ဆောင်ရွက်ရန် မှာကြားခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မှော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိလာရာ အမှုဆောင်အရာရှိ ဦးမိုးကျော်က ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ငွေကျပ် သိန်း ၅၀ ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော လှပဒါး-ပေါက်ကုန်း ကျေးလက်လမ်းအား လိုက်လံပြသရာ ဒုတိယဝန်ကြီးက အဆိုပါလမ်းအား အရှည်တည်တံ့ကောင်းမွန်အောင် ထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့အား အမှုဆောင်အရာရှိဦးမိုးကျော်က ၂၀၀၅-၂၀၀၆ခုနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော ကျေးလက်၊ မြို့ပြလုပ်ငန်းများအား ရုံးခန်းမ၌ မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဆောင်ရွက်ပြီးခဲ့သော လုပ်ငန်းများအား မပျက်စီးစေရေးအတွက် စဉ်ဆက်မပြတ် ကြပ်မတ်ထိန်းသိမ်းကြရန် မှာကြားခဲ့သည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မှော်ဘီ ဝါးနက်ချောင်း-ဝါးပတောကျေးလက်လမ်းအား ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာရာ လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့အား လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်က နိုင်ငံတော်ထောက်ပံ့ငွေကျပ် သိန်း ၅၀ ဖြင့် ကျွန်းကလေးကျေးရွာနှင့် သာယာကုန်းကျေးရွာ ဆက်သွယ်ဖောက်လုပ်ပေးထားသော ကျေးလက်ဂဝံလမ်းအား ပြသရှင်းလင်းရာ ဒုတိယဝန်ကြီးက လမ်းဘေးပခုံးသားများ ဖြည့်တင်းဆောင်ရွက်ပေးရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့အား အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်က အဖွဲ့ရုံးခန်းမ၌ ၂၀၀၅-၂၀၀၆ခုဘဏ္ဍာရေးနှစ် ဆောင်ရွက်ပြီး မြို့ပြ၊ ကျေးလက်လုပ်ငန်းများနှင့် ၂၀၀၆-၂၀၀၇ခုဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် မြို့ပြ၊ ကျေးလက်လုပ်ငန်းများအား ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ရန်ပုံငွေများ ဂရုစိုက်သုံးစွဲရန်၊ အခွန်အကောက်များအား ပြည့်ပြည့်ဝဝရရှိရေးအတွက် ညွှန်ကြားချက်များအတိုင်း စနစ်တကျကောက်ခံရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧပြီ ၂ ရက်က နိုင်ငံတော်အစိုးရ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ရန်ကုန်မြို့ ရွှေမင်းဝံသာသနာ့ရိပ်သာ ပဓာနနာယကဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သောဘနအား ချီးကျူးပူဇော်ပွဲ အခမ်းအနားကျင်းပရာ ရွှေမင်းဝံသာသနာ့ရိပ်သာဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မြင့်က ဆရာတော်သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်(၃၄)ရပ်ကွက် တပင်ရွှေထီးလမ်း အမှတ် (၆)နေဦးတင်လှသန်း-ဒေါ်ခင်သိန်း မိသားစုက အလှူငွေကျပ်သိန်း ၂၀ ကို ဒဂုံမြို့နယ် အမှတ် (၁၂)၊ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကကျောင်း တိုးချဲ့ ခြောက်ထပ် ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် တိ=နိ(ရန်ကုန်ဌာန)ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရဆင်မင်း ဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနား ပြည်မြို့၌ကျင်းပ ပဲခူးတိုင်း အနောက်ပိုင်းတိုင်းခွဲဥက္ကဋ္ဌ အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၁၃

၂၀၀၆ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဧပြီ၇ရက်တွင် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ အထွေထွေရောဂါကု ဆေးရုံကြီးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် လှမင်းက အမှာစကားပြောကြားပြီး ပဲခူးတိုင်း(အနောက်ပိုင်း) ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်းက ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး၏ ၂၀၀၆ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ သဝဏ်လွှာကို လည်းကောင်း၊ ပြည်မြို့ အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာ သောင်းတင်ထွန်းက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ ၂၀၀၆ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့သဝဏ်လွှာများကို လည်းကောင်း အသီးသီးဖတ်ကြား တင်ပြကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ယင်းနောက် ပြည်မြို့ ဗိုလ်တစ်ထောင်ရပ်ကွက် ဥတ္တရာရာမပရိယတ္တိ စာသင်တိုက်အတွင်းရှိ သာသနာ့ဗိမာန်တော်ကြီး ကမ္ဗည်းမော်ကွန်း ကျောက်စာဖွင့်ပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကျင်းပရာ အဆိုပါ အခမ်းအနားတွင် ကျောင်းဒါယကာ ဦးထွန်းဖေ-ကျောင်းဒါယိကာမ ဒေါ်ညွန့်ညွန့်တို့က သာသနာ့ဗိမာန်တော်ကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ဗိုလ်မှူးချုပ်လှမင်းက ကမ္ဗည်းမော်ကွန်း ကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ငါးပါးသီလခံယူ

ထို့နောက် ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကို သာသနာ့ဗိမာန်တော်ကြီး၌ ဆက်လက်ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ် ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုဏ္ဍလဇောတိထံမှ ဗိုလ်မှူးချုပ်လှမင်းနှင့်ဧည့်ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဆရာတော်သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များကိုချီးမြှင့်တော်မူပြီး အလှူရှင်မိသားစုက သာသနာ့ဗိမာန်တော်ကြီးနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ဗိုလ်မှူးချုပ်လှမင်းထံ လွှဲပြောင်းပေးအပ်ကာ ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှဝေ

ယင်းနောက် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုဏ္ဍလဇောတိက အနုမောဒနာတရားနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ ဆရာတော် သံဃာတော်များအား အလှူရှင်မိသားစုက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၄-၂၀၀၆ (သောကြာနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	မြန်မာနှစ်ဦး လတန်ရူး (ကျော်သူ၊ မေသဥ္ဇာဦး)
၇:၄၀	Myanmar Video Rhythm (27)
၈:၃၀	ခါသကြိ်န်အဆိုအက
၈:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၈:၄၀	သင်္ကြန်ဒိုင်ယာရီ (အကျနေ့)
၈:၅၀	ခါသကြိ်န်အဆိုအက
၈:၅၅	Video Magazine (Volume 1,No II) (Part III)
၉:၃၀	မိုးလေဝသခန့်မှန်းချက်
၉:၃၅	ခါသကြိ်န်အဆိုအက
၉:၄၀	ပြည်တွင်းသတင်းအကျဉ်း
၉:၅၅	အသည်းရောင် အသားဝါ(ဘီ) ရောဂါအကြောင်း ဟောပြောချက် (ပါမောက္ခဦးခင်မောင်ဝင်း) (အပိုင်း-၁)
၁၀:၀၅	ခါသကြိ်န်အဆိုအက
၁၀:၁၀	ရိုးရာအလှတာသကြိ်န်အက (မဟာသကြိ်န်အကျနေ့)
၁၀:၃၀	ခါသကြိ်န်အဆိုအက
၁၀:၃၅	အနုပညာရုပ်ဝန်းမှ ပွဲတင်သံများ (ယောက်ဖတို့သကြိ်န်)
၁၁:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၁၀	ခါသကြိ်န်အဆိုအက
၁၁:၁၅	ရဟန်းတော်နှင့် ပိဏ္ဍစာရိကကျင့်ဝတ်
၁၁:၃၅	ခါသကြိ်န်အဆိုအက
၁၁:၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၅၀	ခါသကြိ်န်အဆိုအက
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀ နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

Premier League ဘောလုံးပွဲစဉ်

ညပိုင်း	အစီအစဉ်	လိုင်း
၁:၀၀	Man U- Sunderland	5-Sports (Live)

လင်းခေးခရိုင် မောက်မယ်မြို့နယ်တွင် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတော်ကျင်းပ

ရန်ကုန် ဧပြီ ၁၃

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂)ရဲမှူးကြီးသူရတင်လှသည် လင်းခေးခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်း လိုက်ပါလျက် လင်းခေးခရိုင် မောက်မယ်မြို့နယ် ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်း၌ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲတော်ကို မတ် ၃၁ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာသို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။ အဆိုပါ စိုက်ပျိုးပွဲတော်သို့ မြို့နယ်ဥက္ကဋ္ဌ ဦးမင်းအေးလွင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူလူထု အင်အား၂၀၀၀ ခန့် တက်ရောက်ကြပြီး မျိုးကိုင်း ၁၂၀၀၀၀ ဖြင့် စိုက်ခင်း ၁၀ ဧကတွင် တပျော်တပါး စိုက်ပျိုးခဲ့ကြသည်။

ပျိုးထောင်စိုက်ခင်း

ဆက်လက်၍ ရဲမှူးကြီးသူရတင်လှနှင့် အဖွဲ့သည် မောက်မယ်မြို့နယ် ကုန်းလမ်းကျေးရွာရှိ ကျောင်းခုံတံတားအနီး ခြံစည်းရိုးကြက်ဆူပျိုးဥယျာဉ်၌ ခြံစည်းရိုးကြက်ဆူပျိုးပင် ပျိုးပွဲတော်သို့ သွားရောက်ကြည့်ရှုအားပေးရာ မျိုးစေ့များဖြင့် အစေ့ချပျိုးထောင်ပေးခြင်း၊ ယခင်ပျိုးထောင်၍ အောင်မြင်ဖြစ်ထွန်းနေသည့် ကြက်ဆူပင်နှစ်လသားကိုင်းထွက်ပင်များကို စိုက်ပျိုးပေးခြင်းနှင့်ရေလောင်းပြုစုပျိုးထောင်ပေးခြင်းများ ပြုလုပ်ပေးကြသည်။ အဆိုပါပျိုးပွဲတော်တွင် ခြံစည်းရိုးကြက်ဆူပင် လေးသိန်းကျော် ပျိုးထောင်စိုက်ပျိုးကြကြောင်း သိရှိရသည်။ ယနေ့အထိ မောက်မယ်မြို့နယ်တွင်ခြံစည်းရိုးကြက်ဆူပင် ၇၃၂ ဧက စိုက်ပျိုးပြီးစီးနေပြီး ပျိုးပင်ဧက ၁၃၇၀ အတွက် ပျိုးထောင်ကာ မျိုးစေ့ ၂၅ တင်း စုဆောင်းထားပြီး ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ရဲမှူးကြီးသူရတင်လှနှင့်အဖွဲ့သည် မောက်မယ်မြို့နယ်သို့ သွားရောက်စဉ် မတ် ၂၉ ရက်တွင် မိုးနဲမြို့နယ်နှင့် လင်းခေးမြို့နယ်များ၌လည်းကောင်း၊ မတ်၃၀ ရက်တွင်မိုင်းပန်မြို့နယ်၌လည်းကောင်း၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းများနှင့် ပျိုးထောင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။

ရဲမှူးကြီးသူရတင်လှ၏ ကြည့်ရှုစစ်ဆေးချက်အရ လင်းခေးမြို့နယ်တွင် ခြံစည်းရိုးကြက်ဆူပင် ၁၃၆၅ ဧက စိုက်ပျိုးအောင်မြင်လျက်ရှိပြီး ပျိုးပင် ၁၆၅၈ ဧကအတွက် ပျိုးထောင်ထား၍ မျိုးစေ့တင်း ၂၀ စုဆောင်းထားရှိခြင်း၊ မိုးနဲမြို့နယ်တွင် ဧက ၁၁၆၀ စိုက်ပျိုးပြီး ပျိုးပင် ၁၁၆၉ ဧကအတွက် ပျိုးထောင်ထားပြီး မျိုးစေ့တင်း ၃၀ စုဆောင်းထားပြီးဖြစ်ကြောင်း၊ မိုင်းပန်မြို့နယ်တွင် ဧက ၄၆၀ စိုက်ပျိုးပြီး ပျိုးပင် ၁၃၀၆ ဧကအတွက် ပျိုးထောင်ပြီး မျိုးစေ့ငါးတင်း စုဆောင်းထားပြီး ဖြစ်ခြင်းတို့ကြောင့် လင်းခေးခရိုင်ရှိ မြို့နယ်လေးမြို့နယ်နှင့် မြို့နှစ်ခုတွင် ၂၀၀၆ ခုနှစ်အတွင်း စိုက်ပျိုးရန် ဧက ၃၂၀၀၀ လျာထားသတ်မှတ်ခဲ့ရာခြံစည်းရိုး ကြက်ဆူပင် ၄၈၁၆ ဧက စိုက်ပျိုးပြီးဖြစ်သည့်ပြင် မြေလွတ်မြေရိုင်းဧက ၂၂၀၀၀ ရှာဖွေဖော်ထုတ်ထားရှိပြီး ပျိုးပင် ဧက ၆၁၈၀ အတွက် ပျိုးထောင်ပြီးစီး၍ မျိုးစေ့တင်း ၁၅၀ စုဆောင်းထားသဖြင့် ယခုမိုးရာသီကာလတွင် သတ်မှတ်လျာထားသည့် စိုက်ဧကပြည့်မီကျော်လွန်စေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(က-ပ)**

ချောက်မြို့နယ်အသင်း (ရန်ကုန်)အကြိမ် (၂၀)မြောက် အသင်းနှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲ၊ ထူးချွန်ပုဂ္ဂိုလ်ဂုဏ်ပြုပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဧပြီ ၉ ရက်က ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ကြားတောရလမ်း တရားရုံးချုပ်ဓမ္မာရုံ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးညိုမောင်က ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ လေးဘာသာဂုဏ်ထူးရှင် မဝင်းလဲ့ဖြူအား ဂုဏ်ပြုဆုပေးအပ်စဉ်။ (ဝ၄၆)

ဗဟန်း ငါးထပ်ကြီးဘုရားလမ်းမိသားစု ရဟန်းခံ ရှင်ပြုမင်္ဂလာကျင်းပ

ရန်ကုန် ဧပြီ ၁၃

ငါးထပ်ကြီးဘုရားလမ်းမိသားစု ပဉ္စမအကြိမ် စုပေါင်းဒုလ္လဘရဟန်းခံ ရှင်ပြုမင်္ဂလာအခမ်းအနားကို ဧပြီ ၁၁ ရက် နံနက် ၈ နာရီက ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ တောင်တွင်းကြီးပရိယတ္တိစာသင်တိုက် သာသနာ့ဝေပုလ္လဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ တောင်တွင်းကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တမုနိန္ဒက ရှင်သာမဏေ ၁၇ ပါးနှင့် ဒုလ္လဘရဟန်းလောင်း ၄၁ ပါးတို့အား ပဗ္ဗဇ္ဇအမွေ ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှင့်ပေးသည်။ ထို့နောက် ဆရာတော် သံဃာတော်များက ဒုလ္လဘရဟန်းလောင်းများအား ဥပသမ္ပဒကံဆောင် ရဟန်းဘောင်သို့ သွတ်သွင်းချီးမြှင့်ပေးကြကာ ပရိသတ်များက သိမ်ဆင်းလောင်းလှူကြသည်။ **(အပေါ်ပုံ)** ဆက်လက်ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(က-ပ)**

ကျေးလက်ပြည်သူများ ကျန်းမာရေးအဆင့်အတန်းမြင့်မားရေးဖော်ဆောင် ဒေသခံများ စိတ်အားထက်သန်ပါဝင်ရေး ကြိုးပမ်းဆောင်ရွက် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ရွှေသောင်ယံမြို့ ဆေးရုံသစ်ဖွင့်ပွဲ တက်ရောက်

ရန်ကုန် ဧပြီ ၁၃

ဧရာဝတီတိုင်း ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ ဆေးရုံသစ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၉ ရက်က အဆိုပါဆေးရုံအဆောက်အအုံရှေ့၌ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ညွန့်၊ ရောင်ခြည်ထွန်း ဆောက်လုပ်ရေးကုမ္ပဏီ နာယက ဒေါက်တာ စောမြင့်နှင့် ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်တို့က ဆေးရုံအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးက ဆေးရုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများနှင့်အတူ ဆေးရုံအဆောက်အအုံအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဆေးရုံသစ်ဖွင့်ပွဲနှင့် ဆေးပဒေသာပင်အလှူငွေ ပေးအပ်ပွဲ အခမ်းအနားကို ဆေးရုံစုဝေးခန်းမ၌ ကျင်းပရာ တိုင်းမှူးက နိုင်ငံတော်၏ ကျန်းမာရေးဆိုင်ရာ ရည်မှန်းချက်များ၊ ကျေးလက်နေ ပြည်သူများအား ကျန်းမာရေးအဆင့်အတန်း မြင့်မားရေးအကောင်အထည်ဖော် ဆောင်ရွက်ပေးမှုများ၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် ဒေသခံများက စိတ်အားထက်သန်စွာ ပါဝင်ရေးကိစ္စများကို ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွန့်က ကျန်းမာရေးမူဝါဒနှင့် နယ်စပ်ဒေသများအထိ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဆေးပဒေသာပင်အလှူငွေအဖြစ် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လှူဒါန်းငွေကျပ်သုံးသိန်းကို တိုင်းမှူးကလည်းကောင်း၊ တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ လှူဒါန်းငွေကျပ်တစ်သိန်းကိုတိုင်းမှူး၏ ဇနီးကလည်းကောင်း၊ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လှူဒါန်းငွေကျပ်တစ်သိန်း၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း၏ လှူဒါန်းငွေကျပ် ငါးသိန်း၊ ဧရာဝတီ ဖွံ့ဖြိုးမှု ရေလုပ်ငန်းကုမ္ပဏီလီမိတက် (မြန်မာဒေရီ)၏ လှူဒါန်းငွေကျပ် နှစ်သိန်း၊ ရွှေသောင်ယံမြို့ရုံးနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ လှူဒါန်းငွေကျပ်နှစ်သိန်းတို့ကို တာဝန်ရှိသူများက လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဧရာဝတီတိုင်း ကျန်းမာရေးဦးစီးဌာန တိုင်းဒုတိယဦးစီးမှူး ဒေါက်တာဇော်ဌေးက လက်ခံသည်။

လက်ခံ

ယင်းနောက် ဆေးရုံဆောက်လုပ်ရေးကုမ္ပဏီက ရွှေသောင်ယံမြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ငွေကျပ်ငါးသိန်းကို ရောင်ခြည်ထွန်း ဆောက်လုပ်ရေးကုမ္ပဏီ နာယက ဒေါက်တာစောမြင့်က ပေးအပ်လှူဒါန်းရာ တိုင်း ပညာရေးမှူးက လက်ခံပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အားပေး

ထို့နောက် တိုင်းမှူးနှင့် ဇနီးသည် ဆေးရုံသစ်အတွင်း ဧရာဝတီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ပုသိမ်မြို့ အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာစိုးနိုင် ဦးစီးသည့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်နှင့်သူနာပြုများ ကွင်းဆင်းဆေးဝါးကုသနေမှု လုပ်ငန်းခွင်သို့လည်းကောင်း၊ ရောဂါဗေဒဆိုင်ရာ စမ်းသပ်ကုသရာ နေရာများသို့ လည်းကောင်း လိုက်လံကြည့်ရှု အားပေးကြသည်။

ဆေးမျက်မှန်တပ်ဆင်ပေး

ဆက်လက်၍ တိုင်းမှူးနှင့် ဇနီးတို့က ဦးဆောင်၍ မျက်မှန်စမ်းသပ်ကုသဆောင်၍ မျက်မှန်တပ်ဆင်ရန်လိုအပ်သော သက်ကြီး ဘိုးဘွားများအား ဆေးမျက်မှန်များ တပ်ဆင်ပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ရွှေသောင်ယံမြို့ ဆေးရုံသစ်သည် (၁၆-ခုတင်)ဆံ့ အုတ်ညှပ်တစ်ထပ် အဆောက်အအုံအဖြစ် နိုင်ငံတော်က ငွေကျပ် ၉၉၈ ဒသမ ၄ သိန်း အကုန်အကျခံကာ ၂၀၀၄ ခုနှစ်မှ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မြို့တွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ရှစ်အုပ်စု၊ ကျေးရွာ ၃၂ ရွာတို့ရှိ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု အသိပညာပေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ရွှေသောင်ယံမြို့၌ ရပ်ကွက်များ ဖွဲ့စည်းတည်ရှိမှု၊ ရပ်ရွာ သန့်ရှင်းသာယာရေးဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို မော်တော်ယာဉ်ဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးကြပြီး တိုင်းမှူးသည် ရွှေသောင်ယံမြို့ရုံး၌ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုတို့မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေး၊ ကမ်းခြေဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ဌာနဆိုင်ရာများနှင့် ပူးပေါင်း အကောင်အထည်ဖော်ရေး ကိစ္စရပ်များကို မှာကြားခဲ့သည်။

အဆိုပါခရီးစဉ်တွင် တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမှူး၏ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များသည် မြို့ရုံး၌ပြုလုပ်သော အမျိုးသမီးရေးရာအဖွဲ့၏ စကားဝိုင်းဆွေးနွေးပွဲသို့ ဝင်ရောက် ကြည့်ရှုအားပေးကာ တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် အသိချင်းဖလှယ်၍ ရပ်ရွာ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးများ ဘဝမြင့်မားရေးဆိုင်ရာများကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗုဒ္ဓပူဇနီယပွဲတော်နှင့် အသံမစဲမဟာပဋ္ဌာန်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၃

ရန်ကုန်တိုင်း တွံတေးမြို့နယ် ငါးခုမ္မစမ်းကျေးရွာ အမြိုက်ကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်သော ကိုးနဝင်းစေတီတော်နှင့် ပြည်လုံးချမ်းသာစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော် အသံမစဲမဟာပဋ္ဌာန်းပွဲနှင့် ရှမ်းရိုးရာသဲပုံစေတီတော် တည်ထားကိုးကွယ်ပွဲကို ဧပြီ ၁၂ ရက် နံနက်က အဆိုပါကျောင်းတိုက်အတွင်း ကျင်းပသည်။

ပွဲတော်ရေစက်ချပွဲကို သိမ်တော်အတွင်းကျင်းပရာ ပင့်သံဃာတော်များ၊ အမြိုက်ကျောင်းတိုက်ဆရာတော် အရှင်ထေရာဝံသ အမှူးပြုသော သံဃာတော်များက အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ကြပြီး အလှူရှင်များ၊ ဧည့်သည်များက ရေစက်ချတရားနာယူကြကာ ဆရာတော် အရှင်ထေရာဝံသနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

နိုင်ငံအဝန်း

သစ်တော

စွမ်းဖြင့်

စိမ်းလန်းစေရမည်

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်း ဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် ဦးစံညွန့်-ဒေါ်ကွန့်တို့၏ သမီး ဆရာမဒေါ်စန်းစန်းရီ (တက္ကသိုလ်မေဇင်)က အလှူငွေကျပ် တစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ဝင် ဦးတင်မြင့်ဦးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

✡ **ရှေ့ဖုံးမှ**

နယ်မြေခံတပ်နယ်သို့ ရောက်ရှိကာ နယ်မြေခံတပ်နယ်မှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

စံနမူနာပြကြိုးပမ်း

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး ငါးရပ်တွင် ပါဝင်ဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စံနမူနာပြ ကြိုးပမ်းဆောင်ရွက်ရေး၊ ကြက်ဆူပင်စိုက်ပျိုးရေးကို အလေးထားဆောင်ရွက်ရေး၊ မိသားစု သက်သာချောင်ချိရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖြင့်ဆောင်ရွက်ရေး ရှင်းလင်းမှာကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်နယ်အတွင်း ခြံစည်းရိုးကြက်ဆူပင် အပင်တစ်သိန်း စိုက်ပျိုးပွဲသို့ ရောက်ရှိပြီး ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပေးကာ တပ်မိသားစုဝင်များ ခြံစည်းရိုးကြက်ဆူပျိုးပင်များ စိုက်ပျိုးမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် နယ်မြေခံတပ်နယ် ဘက်စုံစိုက်ပျိုးရေးခြံသို့ ရောက်ရှိကြပြီး ဘက်စုံစိုက်ပျိုးရေးခြံအတွင်း ခြံစည်းရိုးကြက်ဆူစံပြစိုက်ခင်းနှင့် တိုက်ရိုက်အစေ့ချ ပျိုးဥယျာဉ် ပျိုးပင်တစ်သိန်းစိုက်ကွက်မှ ခြံစည်းရိုးကြက်ဆူပင် ခြံအမှတ်(၄)၌ ကြက်ဆူစေ့အား သဲနှုန်းမြေတွင် အစေ့ချ ပျိုးထောင်ထားသည့် ပျိုးပင်ပေါင်း ၁၅၃၁၇ ပင်ပျိုးခင်းကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဧရာဝတီတံတား(ရတနာပုံ)

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာလာရာ စစ်ကိုင်းမြို့နယ် အိုးဘိုရပ်ကွက် အိုးကြီးကွေ့သို့ ရောက်ရှိကြပြီး လမ်းတိုးချဲ့ပြုပြင်နေမှုနှင့် ဧရာဝတီတံတား(ရတနာပုံ) ချဉ်းကပ်လမ်း ခင်းကျင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းဘက်ကမ်းမှ ရေယာဉ်ဖြင့် ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

စနစ်တကျဆောင်ရွက်

ယင်းနောက် မန္တလေးဘက်ခြမ်းသို့ရောက်ရှိပြီး ရှင်းလင်းဆောင်၍ ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း (စစ်ကိုင်းဘက်ကမ်း) ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဆန်းဝင်းနှင့် (မန္တလေးဘက်ကမ်း) ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဌေးမြင့်တို့က တံတားတည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တံတားကြီး စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချိန်မီ ပြီးစီးရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်ရေး၊ ဖြတ်သန်းသွားလာမည့် ရေယာဉ်များ အန္တရာယ်ကင်းရှင်းရေးအတွက် အမှတ်အသားများ စနစ်တကျဆောင်ရွက်ရေး မှာကြားသည်။

တံတားတစ်ခုလုံး၏ အောက်ထည်ပိုင်းလုပ်ငန်းများ မူလစီမံချက်ပါအတိုင်း ဆောင်ရွက်ပြီးစီးလျက်ရှိပြီး တံတားအပေါ်ထည် သံပေါင်လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်နေကြောင်း သိရှိရသည်။

သံပေါင်များကို စစ်ကိုင်းဘက်ကမ်း၌ ပင်မတံတားတိုင် RP 8 မှ RP 7 သို့ ၁၁၂ မီတာ၊ RP 7 မှ RP 6 သို့ ၁၁၂ မီတာ၊ RP 5 မှ RP 4 သို့ ၁၁၂ မီတာ၊ RP 5 မှ RP 6 သို့ ၂၂၄ မီတာ တပ်ဆင်ပြီးဖြစ်သည်။

မန္တလေးဘက်ကမ်းတွင် ပင်မတံတားတိုင် RP 1 မှ RP 2 သို့ ၁၁၂ မီတာ၊ RP 2 မှ RP3 သို့ ၁၁၂ မီတာ၊ RP4 မှ RP3 သို့ ၁၁၂ မီတာ၊ RP4 မှ RP5 သို့ ၁၀၄ မီတာ၊ RP3 မှ RP4 သို့ မီတာ ၈၀ တပ်ဆင်ပြီး ဖြစ်သည်။

ဆက်လက်ဆောင်ရွက်

ယခုအခါ တံတားတစ်ခုလုံးအနေဖြင့် သံပေါင်တပ်ဆင်မှုလုပ်ငန်း စုစုပေါင်း ၁၁၂၆ မီတာရှိရာတွင် ၁၀၈၆ မီတာ တပ်ဆင်တည်ဆောက်ပြီးဖြစ်သည်။ ဆက်လက်၍ RP3 မှ RP4 သို့ ၁၁၂ မီတာအထိ သံပေါင်တပ်ဆင်မှုလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မန္တလေးဘက်ကမ်းရှိ သံပေါင်တပ်ဆင်မှုအနေဖြင့် ၂၈ ခန်းအနက် ၂၃ ခန်းတပ်ဆင်ပြီးဖြစ်၍ ငါးခန်းသာ တပ်ဆင်ရန်ကျန်ရှိကြောင်း၊ ဧပြီလမကုန်မီ တံတားတစ်ခုလုံး သံပေါင်တပ်ဆင်မှု ဆက်မိသွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် နန်းမြို့ဧည့်ရိပ်သာမှထွက်ခွာပြီး ရန်ကုန်-မန္တလေးလမ်းအတိုင်း ဆက်လက်ထွက်ခွာလာရာ နေပြည်တော်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိသည်။ **(သတင်းစဉ်)**

အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပြန်ကန်ပွဲ

မစ်ဒယ်ဘရော့တို့အနိုင်ရပြီး အကြိုဗိုလ်လုပွဲတက်ပြီ

လန်ဒန် ဧပြီ ၁၃

အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ပြန်ကန်ပွဲစဉ်အဖြစ် မစ်ဒယ်ဘရော့နှင့် ချာလ်တန်တို့ ဧပြီ ၁၂ ရက်က ယှဉ်ပြိုင်ကစားရာ မစ်ဒယ်ဘရော့က လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ၁၃၄နှစ်အတွင်း ပထမဆုံး အကြိမ်အဖြစ် အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီ ဖြစ်သည်။

စုစည်းတင်ပြသူ

မောင်မောင်မြင့်ဆွေ

နိုင်ပွဲရရှိ

မစ်ဒယ်ဘရော့နှင့် ချာလ်တန်တို့ ပထမအကြိမ်ကွာတားဖိုင်နယ်ပွဲစဉ်တွင် သရေပွဲဖြစ်ခဲ့သဖြင့် ယခုပြန်ကန်ပွဲ၌ မစ်ဒယ်ဘရော့တို့ အိမ်ကွင်း ရေးဗားဆိုက်ဒ်၌ စနစ်တကျပြင်ဆင် ကစားခဲ့သဖြင့် နိုင်ပွဲရရှိခဲ့ခြင်းလည်း ဖြစ်သည်။

တိုက်စစ်ဖွင့်ကစား

မစ်ဒယ်ဘရော့တို့ နှစ်ပေါင်း ၆၀နီးပါး အက်ဖ်အေဖလားအကြို ဗိုလ်လုပွဲသို့ မတက်ရောက်နိုင်ခဲ့သဖြင့်ဗိုလ်လုပွဲအထိ ရောက်နိုင်ရေး မျှော်မှန်းချက်ဖြင့် အမာခံလူများကို ထုတ်သုံးခဲ့ရာ တိုက်စစ်မှူး ဗီဒူကာ၊ ဟက်ဆယ်ဘိမ့်၊ ရိုချင်ဘတ်တို့ ချာလ်တန်နောက်တန်းကို ပွဲစသည်နှင့် တိုက်စစ်ဖွင့်ကစားခဲ့သည်။

အက်ဖ်အေဖလားကွာတားဖိုင်နယ်ပြန်ကန်ပွဲအဖြစ် မစ်ဒယ်ဘရော့နှင့်ချာလ်တန်တို့ပွဲတွင် ချာလ်တန်မှ ဘတ်လိတ် (ယာ)**နှင့်မစ်ဒယ်ဘရော့မှ အင်ဒရူးဆေလာတို့ ဘောလုံးရရှိရေးကြိုးပမ်းစဉ်။** (ဓာတ်ပုံ-အင်တာနက်)

သရေဖြစ်နေ

အိမ်ကွင်း ခြေစွာသော မစ်ဒယ်ဘရော့တို့ တိုက်စစ်အားကို တစ်ချိန်လုံးတင်ပြီးကစားခဲ့ရာ ပွဲချိန်၁၁မိနစ်မှာပင် မစ်ဒယ်ဘရော့တိုက်စစ်မှူး ရိုချင်ဘတ်က အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။ သို့သော် ဧည့်သည်ချာလ်တန်တို့က တန်ပြန်တိုက်စစ်မှ တစ်ဆင့် ဘာရန်ဟုဒ်က မစ်ဒယ်ဘရော့ဂိုးနှင့် ၁၂ကိုက် အကွာမှ ညာခြေဖြင့်ကန်သွင်းယူခဲ့သဖြင့် တစ်ဂိုးစီ သရေပွဲဖြစ်နေခဲ့သည်။

တစ်ဂိုးရရှိ

ချာလ်တန်တို့ချေပဂိုးသွင်းယူခဲ့သဖြင့် မစ်ဒယ်ဘရော့တို့ အနိုင်ဂိုးများ ဆက်တိုက် သွင်းယူနိုင်ရေး ကြိုးစားခဲ့ရာ ပွဲချိန် ၂၆ မိနစ်တွင် မစ်ဒယ်ဘရော့မှ ဂျိမ်းစ်မော်ရစ်ဆင်က တစ်ဂိုး၊ ၇၆ မိနစ်တွင် ဟက်ဆယ်ဘိမ့်က ညာခြမ်းမှ အနိမ့်ဘောကန်သွင်းယူခဲ့သဖြင့် တစ်ဂိုးရရှိခဲ့သည်။

သို့သော် မစ်ဒယ်ဘရော့တို့ တိုက်စစ်အားမြှင့်နေချိန်တွင် ချာလ်တန်တို့က တိုက်စစ်ဆင် ကစားခဲ့ရာ ၇၆ မိနစ်တွင် မစ်ဒယ်ဘရော့မှ ဆော့တ်ဂိတ်က ဘောလုံးဖျက်ထုတ်ရင်း ကိုယ့်ဂိုးကိုယ်ပြန်သွင်းသလိုဖြစ်ခဲ့ရသဖြင့် ချာလ်တန်ကို လက်ဆောင်ဂိုး တစ်ဂိုးပေးခဲ့ရသည်။

အကြိုဗိုလ်လုပွဲတက်

သို့ရာတွင် မစ်ဒယ်ဘရော့တိုက်စစ်မှူး ဗီဒူကာက ၇၇ မိနစ်၌ ညာခြေဖြင့် အနိမ့်ဘော ကန်သွင်းယူခဲ့သဖြင့် မစ်ဒယ်ဘရော့တို့ လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲသို့တက်ရောက်သွားခဲ့ပြီဖြစ်သည်။ ॥

(အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား

ပရီမီယာလိဂ်ပွဲစဉ်(၃၁) လက်ကျန်ပွဲယှဉ်ပြိုင် ပို့စ်မောက်နှင့် အာဆင်နယ်တို့ တစ်ဂိုးစီသရေကျ

လန်ဒန် ဧပြီ ၁၃

ပရီမီယာလိဂ်ပွဲစဉ်(၃၁) လက်ကျန်ပွဲအဖြစ် ပို့စ်မောက်နှင့်အာဆင်နယ်တို့ ဧပြီ ၁၃ရက်က ဆက်လက်ကစားရာ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ရသည်။

သရေပွဲဖြစ်ခဲ့

ပရီမီယာလိဂ်နှင့် ချန်ပီယံလိဂ်တို့၌ နိုင်ပွဲများဆက်တိုက်ရလာသော အာဆင်နယ်သည် ပြီးခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်(၃၃)၌ မန်ယူကို နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီးနောက် ဒုတိယမြောက် ပရီမီယာလိဂ်ပွဲစဉ်တွင် သရေပွဲဖြစ်ခဲ့ရပြန်သည်။

အကြိတ်အနယ်

တန်းဆင်းဇုန်အတွင်း ရောက်နေသော ပို့စ်မောက်တို့ နိုင်ပွဲများ ရရှိမှသာ တန်းဆင်းဇုန်မှ လွတ်မြောက်မည်ဖြစ်ရာ ပရီမီယာလိဂ် အသင်းကြီးဖြစ်သော အာဆင်နယ်ကို သရေပွဲဖြစ်အောင် အကြိတ်အနယ် ကြိုးစားကစားသွားခဲ့သည်။

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃၁) လက်ကျန်ပွဲအဖြစ် ပို့စ်မောက်နှင့် အာဆင်နယ်တို့ပွဲတွင် အာဆင်နယ်မှ အွန်နရီ(ယာ) **ထိုးဖောက် ဂိုးသွင်းဟန်။** (ဓာတ်ပုံ- အင်တာနက်)

အဖိုးတန်အမှတ်

ပို့စ်မောက်တို့ ယခုနှစ် ပရီမီယာလိဂ် ဘောလုံးရာသီတွင် အိမ်ကွင်း၌ သုံးပွဲသာ အနိုင်ရရှိထားပြီး သရေပွဲခြောက်ပွဲရလဒ်ရရှိထားသည်။ ပို့စ်မောက်သည် ဝက်စ်ဘရွန်းနှင့်အမှတ်တူ၊ ဘာမင်ဂမ်နှင့်တစ်မှတ်ကွာလျက်ရှိရာ ယခုပွဲသရေ တစ်မှတ်သည်ပင် အဖိုးတန်အမှတ် ဖြစ်ခဲ့သည်။

ခုခံကာကွယ်ခဲ့ရ

လွာလွာ၊ မင်ဒတ်စ်နှင့် ဘင်ဂျာနီတို့ ဦးဆောင်သော ပို့စ်မောက်အသင်းသည် အာဆင်နယ်တိုက်စစ်ကို အကြိမ်များစွာ ခုခံကာကွယ်ခဲ့ရပြီး တန်ပြန်တိုက်စစ်လည်း ဆင်နိုင်ခဲ့သည်။

ဂိုးရရှိသွား

ပွဲချိန်၁၇မိနစ်တွင် အာဆင်နယ်တိုက်စစ်မှူး ရီးယက်စ်၏ အပိုင်ကန်သွင်းချက် လွဲချော်ခဲ့ရသလို အွန်နရီ၏ ကန်သွင်းချက်အချို့ကို ပို့စ်မောက်ဂိုးသမား ဒိန်းကီလီ ကာကွယ်နိုင်ခဲ့၍သာ သက်သာခဲ့ရခြင်းဖြစ်သည်။ သို့သော် ၃၆ မိနစ်တွင် အွန်နရီက ပို့စ်မောက်ဂိုးဧရိယာပယ်နယ်တီ အမှတ်အသားအနီးမှ ညာခြေဖြင့် ကန်သွင်းယူလိုက်သဖြင့် ဂိုးရရှိသွားခဲ့သည်။

ချေပဂိုး

ပထမပိုင်းပွဲချိန်အတွင်း ပို့စ်မောက်တို့ ချေပဂိုးမသွင်းနိုင်ဘဲ အာဆင်နယ်တိုက်စစ်ကိုသာ ဟန့်တားနေရသဖြင့် အာဆင်နယ်က တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် ပို့စ်မောက်တို့ ချေပဂိုးရရှိရေး ကြိုးစားရာမှ ပွဲချိန် ၆၆ မိနစ်တွင် ပို့စ်မောက်တိုက်စစ်မှူး လွာလွာက အနီးကပ် ခေါင်းတိုက်သွင်းယူခဲ့၍ ချေပဂိုး ရရှိခဲ့ခြင်းဖြစ်သည်။

သရေပွဲ

ပို့စ်မောက်တို့ ဒုတိယပိုင်းတွင် ဒေးဗစ်အစား ရှဒ်လိစ်ဂီ၊ ဘင်ဂျာနီအစား တိုဒိုရော့ဗ်၊ လွာလွာအစား ဟုဒ်တို့ကို အစားထိုးကစားခဲ့သော်လည်း အနိုင်ဂိုး မသွင်းနိုင်ခဲ့ချေ။ အာဆင်နယ်ကလည်း အဒီဘာယာအစား ဗင်ပါစီ၊ ရီးယက်စ်အစား ဟဲလ်၊ ကင်းဘဲလ်အစား အီဘိုတို့ကို အစားထိုးဝင်ရောက် ကစားစေသော်လည်း အနိုင်ဂိုး မသွင်းယူနိုင်သဖြင့် တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ရခြင်း ဖြစ်သည်။

(အင်တာနက်)



အမျိုးသားမီတာ၄၀၀ ရာမွန်ရစ်ဗ်ဒီလာ အနိုင်ရ

ဆမ်ဆာလ်ဗေဒို ဧပြီ ၁၃

အယ်လ်ဆာဗေဒိုနိုင်ငံ ဆမ်ဆာလ်ဗေဒိုမြို့၌ မကြာမီက ကျင်းပသည့် လက်တင်အမေရိကနိုင်ငံများ အားကစားပွဲတော်တွင် အမျိုးသားမီတာ ၄၀၀ အပြေးပြိုင်ပွဲ၌ ပါရာဂွေးနိုင်ငံသား ရာမွန်ရစ်ဗ်ဒီလာ ဗိုလ်စွဲခဲ့သည်။

(အပေါ်ပုံ)

ရာမွန်ရစ်ဗ်ဒီလာသည် အမျိုးသားမီတာ၄၀၀အပြေးပြိုင်ပွဲ၌ ယခင်နှစ်ထက် စံချိန်ကောင်းမွန်အောင် ပြေးနိုင်ခဲ့ပြီး ပြိုင်ဘက်များကို ပြတ်ပြတ်သားသား ဖြတ်ကျော် ပန်းဝင်ကာ ရွှေတံဆိပ်ကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

အိုင်ဘီအက်ဖ်ဝဲလ်တာဝိတ် ချန်ပီယံဗိုလ်လုပွဲ မေဝဲလ်တာအမှတ်ဖြင့် အနိုင်ရဗိုလ်စွဲ

နီဗားဒါး ဧပြီ ၁၃

နိုင်ငံတကာလက်ဝှေ့အဖွဲ့ချုပ်(အိုင်ဘီအက်ဖ်)၏ ဝဲလ်တာဝိတ်ချန်ပီယံဗိုလ်လုပွဲအဖြစ် မေဝဲလ်တာနှင့် ဇက်ဂျူဒတ်တို့ ဧပြီ ၁၂ရက်က အမေရိကန်နိုင်ငံ နီဗားဒါးမြို့၌ ယှဉ်ပြိုင်ထိုးသတ်ရာ မေဝဲလ်တာက အမှတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ရှုံးပွဲမရှိ

မေဝဲလ်တာသည် လက်ဝှေ့ပွဲပေါင်း ၃၅ပွဲ ထိုးသတ်ခဲ့ပြီးဖြစ်ရာ ရှုံးပွဲမရှိသေးချေ။ ယခုပွဲတွင်လည်း ဇက်ဂျူဒတ်ကို ပွဲချီ ၁၂ချီအပြည့် ထိုးသတ်ခဲ့ပြီး ဒိုင်လူကြီး သုံးဦးလုံးက ၁၁၉-၁၀၉၊ ၁၁၆-၁၁၂၊ ၁၁၇-၁၁၁ ဖြင့် အနိုင်ပေးခဲ့ခြင်း ဖြစ်သည်။

လဲကျ

မေဝဲလ်တာသည် ၁၀ချီအရောက်တွင် ဇက်ဂျူဒတ်ကို ကြမ်းပြင်ပေါ်သို့ လဲကျအောင် ထိုးသတ်နိုင်ခဲ့ပြီး ၁၁ချီနှင့် ၁၂ချီတို့တွင် အပေါ်စီးမှ ထိုးသတ်နိုင်ခဲ့သည်။

အကောင်းဆုံး

မေဝဲလ်တာသည် ယခုအခါ အိုင်ဘီအက်ဖ်ဝဲလ်တာဝိတ် ချန်ပီယံဖြစ်လာခဲ့ပြီး ကမ္ဘာပေါ်တွင် ဝိတ်တန်းအလိုက် အကောင်းဆုံး လက်ဝှေ့သမားတစ်ဦးဖြစ်လာခဲ့ပြီ ဖြစ်သည်။

(အင်တာနက်)

အမေရိကန်နိုင်ငံ နီဗားဒါးမြို့တွင် ကျင်းပသည့် အိုင်ဘီအက်ဖ်ဝဲလ်တာဝိတ် ချန်ပီယံ ထိုးသတ်ပွဲ၌ မေဝဲလ်တာ(ယာ)**နှင့် ဇက်ဂျူဒတ်တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။**

(ဓာတ်ပုံ-အင်တာနက်)

အင်္ဂလန်နိုင်ငံ ချာလ်တန်မြို့၌ ဧပြီ၁၂ရက်က ကျင်းပသည့် Family Circle Cup တင်းနစ်ပြိုင်ပွဲတွင် ရုရှားမှ နာမည်ကျော် တင်းနစ်မယ် နာဒီရာပီထရိုဗာ၏ ကစားဟန်။

(၎င်းပွဲ၌ယူကရိန်းမှ ဘွန်ဒါရန်ကို ၆-၁၊၀-၆၊၆-၂ ဖြင့်အနိုင်ရရှိခဲ့သည်။) **(ဓာတ်ပုံ-အင်တာနက်)**

ကျန်းမာရေး ဒုတိယဝန်ကြီး ဒေါက်တာမြဦး ရှမ်းပြည်နယ်(မြောက်ပိုင်း)ဆေးရုံများ စစ်ဆေး

ရန်ကုန် မေ ၁၃

အမျိုးသားကျန်းမာရေးကော်မတီအတွင်းရေးမှူး လူတွင်ဖြစ်ပွားတတ်သော ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးနှင့် ကမ္ဘာ့တုပ်ကွေးကပ်ရောဂါတားဆီးကာကွယ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် မေ ၉ရက်တွင် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မူဆယ်ပြည်သူ့ဆေးရုံကြီး၏ ခွဲစိတ်ကုသဆောင်၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်း၊ အသံလှိုင်းဖြင့် ရောဂါရှာဖွေကုသဆောင်၊ အရေးပေါ်ဌာန၊ ပြင်ပလူနာဌာန၊ ဓာတ်မှန်ဌာန၊ သွားဘက်ဆိုင်ရာဆေးကုသဆောင်၊ ဓာတ်ခွဲခန်းနှင့် ကူးစက်လူနာဆောင် သတ်မှတ်ရေးတို့ကို အသေးစိတ် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

အမှာစကားပြောကြား

ထို့နောက် ဒုတိယဝန်ကြီးသည် မူဆယ်မြို့ မြို့တော်ခန်းမ၌ကျင်းပသည့် လူတွင်ဖြစ်တတ်သော ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ရောဂါနှိမ်နင်းရေး)ဒေါက်တာကျော်ညွန့်စိန်က စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်း ကြက်ငှက်တုပ်ကွေး ရောဂါဖြစ်ပွားမှုနှင့် ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းသည်။

ဖြည့်ဆည်းပေး

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကွတ်ခိုင်မြို့နယ်အတွင်းရှိ နမ့်ဖတ်ကာ တိုက်နယ်ဆေးရုံသို့လည်းကောင်း၊ သိန္နီမြို့နယ် နမ့်စလပ် တိုက်နယ်ဆေးရုံသို့လည်းကောင်း ရောက်ရှိပြီး လူနာဆောင်များ၊ သားဖွားခန်းနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကွမ်းလုံမြို့ သံလွင်ဦးခန်းမ၌ကျင်းပသော လူတွင်ဖြစ်တတ်သော ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဝန်ကြီးသည် လောက်ကိုင်ခရိုင် ချင်းရွှေဟော်ပြည်သူ့ဆေးရုံ၏ လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် သားဖွားခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ဆွေးနွေး

ထို့နောက် ဒုတိယဝန်ကြီးသည် ချင်းရွှေဟော်မြို့ရှိ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မြို့နယ် ကျန်းမာရေးကော်မတီဝင်များ၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ လူတွင် ဖြစ်ပွားတတ်သော ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနှင့် ကမ္ဘာ့တုပ်ကွေး ကပ်ရောဂါတားဆီးကာကွယ်ရေးလုပ်ငန်းများကို ဆွေးနွေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်းအလှူတော်မင်္ဂလာ

ရန်ကုန် မေ ၁၃

ရန်ကင်းပြည်သာယာ ရွှေပြည်ဟိန်းကျောင်း၌ ဖွင့်လှစ်ထားသော ကုသိုလ်ဖြစ်ဆေးခန်းအတွက် အလှူတော်ငွေများ လှူဒါန်းလျက်ရှိကြရာ ဝန်းသိုမြို့ ခန္တီးပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးဇဝန အရှင်မြတ်က လေးသောင်းကျပ်၊ မြို့မရပ်ကွက် ဒေါ်မြရီမိသားစုက ကျပ်တစ်သိန်း၊ ဦးသိန်းထွန်း-ဒေါ်ငွေတင်မိသားစုက ကျပ်ငါးသောင်း၊ ဦးပေါက်စ-ဒေါ်အေးမေက ကျပ်သုံးသောင်း၊ဒေါ်ခင်ရီမိသားစုက ကျပ်နှစ်သောင်း၊ ဝန်းသိုမြို့ အလှူရှင်များက စုပေါင်း၍ ကျပ်တစ်သိန်းငါးသောင်းတို့ကို ရွှေပြည်ဟိန်း ဆရာတော် အရှင်ခေမာ သိရီ လက်ခံရထံ လှူဒါန်းကြသည်။

ဆေးနှင့် အလှူတော်ငွေများကို နှစ်သစ် အာယုဒါနအဖြစ် ဖုန်း-၅၄၁၄၉၃သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဒေါက်တာဦးမောင်မောင်မြင့်(ကချင်ပြည်နယ်၊ ကျန်းမာရေးဦးစီးဌာနမှူး)-
ဒေါက်တာဒေါ်သန်းသန်းနွယ်(အဖွဲ့ခေါင်းဆောင်ဆရာဝန်၊ ကျောင်းကျန်းမာရေးဌာန၊
မြစ်ကြီးနားမြို့)တို့၏ တစ်ဦးတည်းသောသား

မောင်အောင်ကိုကိုမြင့်

Diploma in Mechatronic (Nanyang Poly)
Techanical Specialist
Hewlett Packard (HP) Singapore (Private Ltd.)

နှင့်

မော်လမြိုင်မြို့နေ
ဒေါက်တာဦးတင်ဌေးဦး(သွားဘက်ဆိုင်ရာဆရာဝန်၊ဗဟိုဒေသန္တရကျန်းမာရေးဌာန၊ မော်လမြိုင်မြို့)-
ဒေါက်တာဒေါ်စောအုံးကျင်(တာဝန်ခံဆရာဝန်၊ မော်လမြိုင်တက္ကသိုလ်ဆေးရုံ)တို့၏သမီးဦး၊
မခိုင်ဇျာမွန်(ဆေး-မကွေး)၏အစ်မ

မခိုင်ခိုင်စိုး B.A (English), AGTI (E.C)

တို့အား ၄-၄-၂၀၀၆ရက်တွင် မင်္ဂလာမော်ကွန်းလက်မှတ်ရေးထိုးပေးသော မွန်ပြည်နယ် တရားသူကြီး ဦးအောင်ဝင်း၊ ၄-၄-၂၀၀၆ရက်တွင် မော်လမြိုင်မြို့ ငွေမိုးဟိုတယ် မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ကုံးချီးမြှင့်ပေးသော မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ် ဦးစောဟန်ရှိန်နှင့်ဇနီး ဒေါ်ရင်ဝါ၊ ၉-၄-၂၀၀၆ရက်တွင် ယုဇနဂါးဒင်းဟိုတယ် မင်္ဂလာခန်းမတွင်ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ကုံးများနှင့် မင်္ဂလာလက်စွပ် ချီးမြှင့်ဆင်မြန်းပေးသော ဗိုလ်မှူးချုပ်စိုးမြင့်(တပ်မတော်-ရေ)နှင့်ဇနီး ဒေါက်တာဒေါ်ညွန့်ညွန့်၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော သူငယ်ချင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်ကိုကိုမြင့်-မခိုင်ခိုင်စိုး။

မတူပီမြို့ဝင်ဆိုင်းဘုတ် ကွင်းဆင်းစစ်ဆေး

ရန်ကုန် မေ ၁၃

ချင်းပြည်နယ် မတူပီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၅-၂၀၀၆ဘဏ္ဍာနှစ်အဖွဲ့ ရန်ပုံငွေဖြင့် အသစ်ဆောင်ရွက်ပြီးစီးခဲ့သော မတူပီမြို့ဝင် ဆိုင်းဘုတ်အား ဖေဖော်ဝါရီ ၂၇ရက်က ချင်းပြည်နယ် စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် အင်ဂျင်နီယာမှူး ဦးသိန်းဇော်တို့က ကွင်းဆင်း စစ်ဆေးခဲ့ကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**



အမွေပြတ်စွန့်လွှတ်ခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၃)နေ ကျွန်တော်၊ ကျွန်မတို့၏သားဖြစ်သူ မောင်ဝေလင်းသူ ၁၃/လရန(နိုင်)၀၈၄၅၆၄သည် မိဘ၏ပြောဆိုဆုံးမမှုကို မနာခံဘဲ ၎င်းဆန္ဒအလျောက်ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်မယူပါကြောင်းနှင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးလေးမြင့်-ဒေါ်တင်တင်ရီ။

ငါးသားပေါက်ရောင်းချမည်

ရန်ကုန် မေ ၁၃

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ရန်ကုန်တိုင်း ငါးလုပ်ငန်းစခန်း (လေးဒေါင့်ကန်စခန်း)နှင့် (လှော်ကားစခန်း)တို့က မေ ၁၇ ရက် (မြန်မာနှစ်ဆန်း တစ်ရက်နေ့)တွင် ပြည်သူများ ဓိဝိတဒါန ငါးလွှတ်နိုင်ရန် သိရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မင်္ဂလာကန်တော်ကြီး၊ ရွှေပြည်သာမြို့နယ်ရှိ သာစုကန်ဘုရား၊ဗဟန်းမြို့နယ်ရှိရွှေတိဂုံစေတီတော် (သွေးဆေးကန်)နှင့် ကန်တော်ကြီးရှိ ရေချိုငါးဥယျာဉ်တို့၌ ရွှေဝါငါးကြင်း၊ ငါးခုံးမကြီး၊ ငါးမြစ်ချင်း၊ငါးတန်၊ တီလားပီးယားစသည့် ငါးသားပေါက်များကို ရောင်းချပေးသွားမည်ဖြစ်ပြီး ကောင်ရေ ၃၀၀၀နှင့်အထက် ကြိုတင်မှာယူလိုသူများအတွက် ဖုန်း-၇၀၈၅၁၉၊ ၆၃၅၁၉၆၊ ၆၁၁၁၂၀နှင့် ၅၅၅၆၁၃တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂုဏ်ရှိန်ပြင်းတဲ့ချစ်ခြင်းသိက္ခာ ဇာတ်ကားသစ် သမ္မတ၊သွင်နှင့်မင်္ဂလာရုံများ၌ တစ်ပြိုင်တည်းရုံဝင်မည်

ရန်ကုန် မေ ၁၃

ကျော်ရုပ်ရှင်ထုတ်လုပ်ရေးမှဖြန့်ချိပြီး ဒါရိုက်တာဒေါနရိုက်ကူးသည့် "ဂုဏ်ရှိန်ပြင်းတဲ့ချစ်ခြင်းသိက္ခာ"ဇာတ်ကားသစ် မြန်မာနှစ်ဆန်းတစ်ရက်တွင် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံတို့တွင် ရုံဝင်လာမည်ဖြစ်သည်။

ယင်းဇာတ်ကားတွင် ရန်အောင်၊ ထွန်းအိန္ဒြာဗို၊ စိုင်းစိုင်းခမ်းလှိုင်နှင့် သက်မွန်မြင့်တို့ ခေါင်းဆောင်ပါဝင်ထားသည်။ ဤဇာတ်ကားတွင် ရန်ကုန်တက္ကသိုလ်နိုင်ငံခြားဘာသာဌာနမှ တွဲဖက်ပါမောက္ခဆရာ ချစ်ဦး ယဉ်သည် ခရီးသွား ဧည့်လမ်းညွှန် ကုမ္ပဏီကို တည်ထောင်ထားသူတစ်ဦးဖြစ်ပြီး အတိတ်က နှလုံးသားဒဏ်ရာကို ကုစားရန်အတွက် သူ၏ဘဝကိုပညာရေးတွင် နှစ်မြုပ်ထားခဲ့သူဖြစ်သည်။



ဂုဏ်ရှိန်ပြင်းတဲ့ချစ်ခြင်းသိက္ခာဇာတ်ကားမှ ဇာတ်ဝင်ခန်း။

တစ်နေ့တွင် မမျှော်လင့်ဘဲ တပည့်မလေး ပန်းနုဝေကို အကြောင်းပြုပြီး သူမ၏ အမေဖြစ်သူ ငယ်ချစ်ဦး မသီဂိနှင့်ဆုံဖြစ်ခဲ့သည်။

သို့သော် သမီးလေးကိုသာ အဖော်ပြုပြီးနေခဲ့ရသည့် မသီဂိတွင် နှလုံးရောဂါရှိနေကြောင်း ပါသိရ၍ ကရုဏာပိုခဲ့မိပြန်သည်။

ဝေဒနာကြောင့် မသီဂိ ကွယ်လွန်သွား၍ အားကိုးရာမဲ့ဖြစ်ခဲ့ရသည့် ပန်းနုဝေအား ဖြူစင်သန့်ရှင်းသော သံယောဇဉ်ဖြင့် ဆရာချစ်ဦးယဉ်က မွေးစားပြီး ဖခင်သဖွယ် ပြုစုစောင့်ရှောက် မြေတောင် မြှောက်ပေးခဲ့ရင်း ပတ်ဝန်းကျင်၏ ဝေဖန်ပြောဆိုမှုများကို ကြံ့ကြံ့ခံ ရင်ဆိုင်ဖြေရှင်းကာ ဂုဏ်သိက္ခာကြီးလွန်းသူတို့၏ သစ္စာ တရားကြီးမားပုံကို ဖော်ညွှန်းထားသော မေတ္တာဘွဲ့ဇာတ်ကားဖြစ်သည်။

ရွှေ့ဆောင်ရုံတွင် ကျော်သူ၊ ထွန်းအိန္ဒြာဗို၊ မေသန်းနု၊ ဇာဂနာ၊ ဖိုးသောကြာနှင့် ပုလဲဝင်းတို့ ခေါင်းဆောင် ပါဝင်ထားသည့် **"ရတနာ"**ဇာတ်ကား ပြသလျက်ရှိသည်။

ရုပ်ရှင်သတင်းထောက်

ဒါရိုက်တာ Stanley Tong ရိုက်ကူးပြီး Jackie Chan, Kim Hee Soen, Malikha Sherawatတို့ ခေါင်းဆောင်ပါဝင်ထားသည့် စိတ်ကူးယဉ်ဆန်ဆန် ရိုက်ကူးထားသော The Mythဇာတ်ကား နေပြည်တော်ရုံတွင် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ရုံဝင်လာမည်ဖြစ်သည်။

ဆန်ဂျေးဒတ်၊ ဆိုဟီလ်ခန်း၊ ဆမီလာတို့ပါဝင်ထားပြီး မည်သည့်ရုံတွင်မျှ ပြသခြင်းမရှိသေးသည့် 'Maine Dil Tujhko-diya' ဇာတ်ကား ရွှေဂုန်ရုံမြေညီထပ်တွင် ပြသလျက်ရှိသည်။

ရွှေဂုန်ရုံ အပေါ်ထပ်တွင် ဂျိမ်းစ်ဘွန်းမင်းသားကြီးကိုယ်တိုင် ပါဝင်သရုပ်ဆောင်သော 'Octopussy' ဇာတ်ကား တင်ဆက်ထားပြီး ဆာလမန်းခန်း၊ ဆိုလ်ဟီခန်း၊ ဆာမီတာဆန်းနှင့် ဆိုနီအဂျက်တီတို့ ခေါင်းဆောင်ပါဝင်ကာ ရိုက်ကူးထားသော အချစ်ဇာတ်မြူး 'Maine Pyar Kyun Kiya' ဇာတ်ကားသစ်ကြီး မြို့မရုံတွင် မေ ၇ရက်မှ ၂၇ရက်အထိ ပြသလျက်ရှိသည်။ ။ **(မြန်မာ့အလင်း)**

ရွှေ့ဆောင်ရုံ၌ပြသလျက်ရှိသော ရတနာဇာတ်ကားမှ ဇာတ်ဝင်ခန်း။

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၆ခုနှစ်၊ မတ်လ ၃၁ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် (၅၂၇၆၂)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်၊မြို့နယ်ရုံးများသို့ လှူဒါန်း နိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

ဟသ်ာတမြို့နယ်၌ ကျေးရွာချင်းဆက် ဝေန်ချောင်းကူးတံတားဖွင့်

ဟသ်ာတ ဧပြီ ၈

ဟသ်ာတမြို့နယ် ဓမ္မိကျေးရွာအုပ်စုနှင့် အင်္ဂရမ်းအုပ်စုတို့ကို ဆက်သွယ်သည့် ကျေးရွာချင်းဆက် ဝေန်ချောင်းကူး သံကူကွန်ကရစ်တံတားဖွင့်ပွဲကို မတ် ၂၆ ရက် နံနက် ၇ နာရီက ဟသ်ာတမြို့ ဓမ္မိကျေးရွာရှိ တံတားမုခ်ဦး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်နှင့် အလှူရှင် ဒေါ်ခင်အုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

တက်ရောက်

တံတားဖွင့်ပွဲသို့ မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အလှူရှင်မိသားစုများနှင့် ဓမ္မိနှင့်အင်္ဂရမ်းကျေးရွာတို့မှ ပြည်သူများ တက်ရောက်ကြသည်။

စုပေါင်းလှူဒါန်း

အဆိုပါ တံတားသည် အရှည်ပေ ၁၁၀၊ အမြင့် ၁၅ပေ၊ အကျယ် ၁၀ ပေ၊ ချဉ်းကပ်လမ်းအရှည်ပေ ၁၇၀ရှိပြီး စုစုပေါင်းငွေကျပ် သိန်း ၁၂၀ဖြင့် အကုန်အကျခံ မတည်အလှူရှင်(ဦးစံငြိမ်း)-ဒေါ်ခင်အုပ်နှင့် ဒေသခံအလှူရှင်များ စုပေါင်းလှူဒါန်းခဲ့သည့် သံကူကွန်ကရစ်တံတားဖြစ်သည်။

(ခရိုင် ပြန်/ဆက်)

အခြေခံပညာအထက်တန်းပြ ဆရာဆရာမများ မွမ်းမံသင်တန်းဖွင့်ပွဲ တောင်ကြီးမြို့၌ကျင်းပ

တောင်ကြီး ဧပြီ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) တောင်ကြီးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ပညာရေးဝန်ကြီးဌာန အခြေခံပညာအထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒဘာသာပြ ဆရာဆရာမများ မွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ်၂၈ရက်က ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က အဖွင့်အမှာစကားပြောကြားပြီး တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ်ဦးရေချမ်းနှင့် ပြည်နယ်ပညာရေးမှူး ဦးအောင်ဆွေတို့က သင်တန်းနှင့်ပတ်သက်သည့် အကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ တက္ကသိုလ်မှဆရာဆရာမများနှင့် သင်တန်းသား အထက်တန်းပြဆရာဆရာမများ တက်ရောက်ကြသည်။

(ခရိုင် ပြန်/ဆက်)

ကချင်ပြည်နယ် စည်ပင်သာယာ ရေး အဖွဲ့ ဗဟိုပျိုးဥယျာဉ်နှင့် မျိုး စေ့ထုတ် ခြံအတွင်း စိုက် ပျိုး ထား သော ပန်းအလှပင် များ ပျိုး ထောင်မှုနှင့် မျိုး စေ့ ထုတ်ယူမှု အခြေအနေကို မတ် ၃ ရက် က ပြည် နယ် စည် ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချို နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိများ ကြည့်ရှုကြစဉ်။ (ပြည်နယ်စည်ပင်)

မြန်မာ့အသံ

၁၅-၄-၂၀၀၆ (စနေနေ့)

(သင်္ကြန်အကြတ်နေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မင်္ဂလသုတ်)

နေ့လယ်ပိုင်း

၀၉း၄၅ အာဆီယံအစီအစဉ်
၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (အသင့်စား ခေါက်ဆွဲခြောက်ထုတ်လုပ်မှုအကြောင်း)
၁၁း၃၅ ရေဒီယိုမဂ္ဂဇင်း (၁)နှစ်သစ်ကူးတဲ့လတန်ခူး (ခေါင်းကြီး) (၂)ပျော်စရာသင်္ကြန် (ဆောင်းပါး)
၁၂း၀၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းများ
၁၂း၁၀ နေ့စဉ်သုံး အီဒီယမ်(ဦးသိန်းလွင်)

ညနေပိုင်း

၁၆း၁၀ ဆွေးနွေးခန်း (သီတဂူ ဗုဒ္ဓတက္ကသိုလ်အကြောင်း)
၁၇း၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၇း၄၅ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (ဘာကြောင့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပြုလုပ်ကြပါသလဲ- သရုပ်)
၁၈း၄၅ ဟောပြောချက် (ရခိုင်သင်္ကြန်)
၁၈း၄၅ လှပသော အိမ်ဂေဟာ (ချစ်စံအိမ်လေး ခေတ်မီဖို့ အရောင်အသွေးစုံနှင့် အလှဆင်စို့)
၁၉း၁၅ မေတ္တာလက်ဆောင်ရ သင်္ကြန်တေးစီးရီး(စံပယ်မင်း တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် အိပ်မက်သင်္ကြန်တေးစီးရီး)
၂၀း၃၀ တေးသံစုံ (မြန်မာ့အသံအဖွဲ့မှ ခါသင်္ကြန်တေးသံစုံ)

မြို့နယ် သတင်းများ

မိုင်းယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော စည်ပင်သာယာဈေးမှ အထကကျောင်းအထိ ကတ္တရာလမ်းပေါက်ဖာထေးခြင်းလုပ်ငန်း အရှည်ပေ ၂၈၀၀၊ အကျယ် ၁၂ ပေကို အမှုဆောင်အရာရှိ ဦးသန်းလွင်ဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်ကိုဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး တာချီလိတ်တွင် အလုပ်ရုံဆွေးနွေး ဒို့ကျေးရွာဂျာနယ် သိကောင်းစရာများဟောပြော

တာချီလိတ် မတ် ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေးပွဲနှင့် ဒို့ကျေးရွာဂျာနယ်အကြောင်း သိကောင်းစရာများ ဟောပြောပွဲအခမ်းအနားကို မတ်၁၀ရက် နံနက် ၉ နာရီက ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ကျင်းပသည်။

သိကောင်းစရာဟောပြော

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေးက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးစိုးစိုးက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့်ဒို့ကျေးရွာဂျာနယ်အကြောင်း သိကောင်းစရာများ ဟောပြောသည်။

ဆွေးနွေးပွဲကျင်းပ

ဆက်လက်၍ စာကြည့်တိုက် တာဝန်ခံများအား ပြည်နယ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးစိုးနှင့် ခရိုင်ဦးစီးအရာရှိ ဦးမောင်ကြည်တို့က စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရွှေတောင်မြို့၌ စက်ချုပ်သင်တန်းဖွင့်၊ စက်ပစ္စည်းမျိုးစုံပေးအပ်

ရွှေတောင် ဧပြီ ၈

ရွှေတောင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူးဖွင့်လှစ်သော စက်ချုပ်သင်တန်း (၁/၂၀၀၆) ဖွင့်ပွဲကို ဧပြီ ၃ ရက်က မြို့နယ်အသင်း သားဖွားဆောင်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းကာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက သင်တန်းအတွက် အလှူငွေကျပ်သုံးသောင်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ပေးအပ်ရာ အသင်းဥက္ကဋ္ဌက လက်ခံရယူသည်။**(အောက်ပုံ)**

ထို့နောက် စက်ချုပ်ပစ္စည်းမျိုးစုံကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒုတိယရဲမှူးလှဦးက ပေးအပ်ရာ အသင်းတွဲဖက်အတွင်းရေးမှူး ဒေါ်အေးအေးမြင့်က လက်ခံရယူကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ဝမ်းတွင်း-ပင်းတလဲကျောက်ချောလမ်းသစ်ဖွင့်

ဝမ်းတွင်း ဧပြီ ၅

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၃၂သိန်းဖြင့် အကုန်အကျခံ ဖောက်လုပ်ခဲ့သော အရှည်ပေ ၁၉၅၀၊ အကျယ် ၁၂ပေရှိ ဝမ်းတွင်း-ပင်းတလဲ ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မတ် ၂၄ ရက်က အဆိုပါ လမ်းမုခ်ဦး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး**(ယာပုံ)** မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောထွန်းစိန်က စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျေးရွာဥက္ကဋ္ဌ ဦးမောင်မောင်က ကျေးဇူးတင်စကားပြန်လည် ပြောကြားပြီး အထိမ်းအမှတ်အလံများ ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိ ဦးစောထွန်းစိန်တို့က အဆိုပါလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းကိုကြည့်ရှုစစ်ဆေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မော်လိုက်မြို့ ဗိုလ်ချုပ်လမ်း ကတ္တရာလမ်းသစ်ဖွင့်

မော်လိုက် ဧပြီ ၈

မော်လိုက်မြို့ ဗိုလ်ချုပ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၄ ရက်နံနက် ၈နာရီက ကျောင်းမြောက်ရပ် အဆိုပါကတ္တရာလမ်းသစ် မုခ်ဦးတွင် ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်ရနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရဲထွဋ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရဲထွဋ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော့မောင်မောင်တို့က အထိမ်းအမှတ်အလံများ ပေးအပ်ကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးစိန်ရနှင့်အဖွဲ့သည် ကတ္တရာလမ်းသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါကတ္တရာလမ်းသည် အရှည်ပေ ၆၃၀၊ အကျယ် ၁၂ ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၁၅ သိန်းနှင့် ပြည်သူများ ထည့်ဝင်ငွေကျပ် နှစ်သိန်းနှစ်သောင်း ရှစ်ထောင်ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်းနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စံပြကြက်ဆူစိုက်ခင်းတွင် မတ် ၂၂ရက်က ကိုင်းထိုးကြက်ဆူပင်များကိုစိုက်ပျိုးစဉ်။ (မြို့နယ် ပြန်/ဆက်)

မူဆယ်မြို့၌ လမ်းသွယ် (၁)လမ်း ကတ္တရာလမ်းသစ်ဖွင့်

မူဆယ် ဧပြီ ၅

မူဆယ်မြို့ ခရစ်ယာန်ရပ်ကွက် လမ်းသွယ်(၁)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၄ ရက် နံနက် ၉ နာရီက အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

အလံများပေးအပ်

ရှေးဦးစွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးကျော်ဇေယျက ကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြို့နယ်စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးရန်နိုင်က တာဝန်ရှိသူများအား လမ်းဖွင့်ပွဲအထိမ်းအမှတ် အလံများ ပေးအပ်သည်။

ထို့နောက် ကတ္တရာလမ်းသစ်ကို ရှမ်းပြည်နယ် (မြောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်နှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးတင်ယုတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆောင်ရွက်ခဲ့

အဆိုပါ မူဆယ်မြို့ ခရစ်ယာန်ရပ်ကွက် လမ်းသွယ်(၁)လမ်း ကတ္တရာလမ်းသစ်သည် အရှည်ပေ ၆၈၀၊ အကျယ် ၁၂ ပေရှိပြီး စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၁၉ ဒသမ ၈၃ သိန်းဖြင့် အကုန်အကျခံ၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

နွေရာသီလူငယ်အကျိုးပြု သင်တန်းများဖွင့်ပွဲကျင်းပ

ခန္တီး ဧပြီ ၇

ခန္တီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ၂၀၀၆ခုနှစ် နွေရာသီလူငယ်အကျိုးပြု သင်တန်းများဖွင့်ပွဲကို မတ် ၃၀ ရက် နံနက် ၉ နာရီက ခန္တီးအထကကျန်စစ်သားခန်းမ၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမင်းဆွေက အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့်ဖွင့်လှစ်သည့်သင်တန်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ဟောပြော

ယင်းနောက် ခရိုင်ဆရာဝန်ကြီး ဒေါက်တာအောင်လင်းက တီဘီရောဂါအကြောင်းနှင့် ခရိုင်မွေး/ကု ဦးစီးဌာန ဦးစီးမှူး ဒေါက်တာသန်းအေးက ကြက်ငှက်တုပ်ကွေးရောဂါနှင့် ပတ်သက်၍ ဟောပြောကြသည်။

အဆိုပါဖွင့်လှစ်ခဲ့သော သင်တန်းများမှာ ကြက်ခြေနီ၊ ဘင်ခရာ၊ ပန်းဖွား၊ စက်ချုပ်၊ ဘောလုံး၊ ဘော်လီဘော၊ပိုက်ကျော်ခြင်း၊စားပွဲတင်တင်းနစ်၊ လက်ဝှေ့၊ အေရိုးဗစ်နှင့် ပြေးခုန်ပစ် သင်တန်းများဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

နွေရာသီ အခြေခံ အားကစားသင်တန်းများဖွင့် ဆပ်ကော်မတီအလိုက် လေ့ကျင့်သင်ကြား

မန္တလေး ဧပြီ ၄

မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မန္တလေးတိုင်း အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ နွေရာသီအခြေခံအားကစားသင်တန်းများကို မတ် ၁၄ ရက်မှစ၍ မန္တလေးမြို့ရှိ သက်ဆိုင်ရာအားကစားကွင်း၊ အားကစားခန်းမနှင့် ကျောင်းများတွင် အားကစားဆပ်ကော်မတီအလိုက် နည်းပြနှင့် နည်းစနစ်မှူးတို့က လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ နွေရာသီအခြေခံအားကစားတွင် ဘောလုံး၊ ဘော်လီဘော၊ အေရိုးဗစ်၊ ကာယဗလ၊ ကာယအလှ၊ ကျွမ်းဘား၊ ဂူရှူး၊ စားပွဲတင်တင်းနစ်၊ မြန်မာ့ရိုးရာသိုင်းသင်တန်းနှင့် တိုက်ကွမ်ဒိုသင်တန်းများကို ဗထူးအားကစားကွင်းနှင့် အားကစားခန်းမတို့၌ လည်းကောင်း၊ ကရာတေးဒို၊ ရိုးရာလက်ဝှေ့နှင့် ပြေးခုန်ပစ်သင်တန်းတို့ကို အောင်မြေမန္တလာ အားကစားကွင်း၌ လည်းကောင်း၊ အထက(၁၃)တွင် ပိုက်ကျော်ခြင်းသင်တန်း၊ နန်းမြို့ဂျူဒိုရုံတွင် ဂျူဒိုသင်တန်း၊ လူငယ်သင်တန်းကျောင်းတွင် လက်ဝှေ့သင်တန်း၊ အောင်ကြက်တောင်ကလပ်တွင် ကြက်တောင်သင်တန်း၊ လူငယ့်အားမာန် အားကစားလေ့ကျင့်ရေးခန်းမတွင် အလေးမသင်တန်း၊ ကွမ်တုံဘုံကျောင်းတွင် ဘတ်စကက်ဘောသင်တန်း၊ အထက(၁၄)တွင် ရိုးရာခြင်းလုံးသင်တန်း၊ မန်းတောင်ခြေ အရှေ့ဘက်ရှိ တင်းနစ်ကွင်းတွင် တင်းနစ်သင်တန်းနှင့် ရတနာပုံရေကူးကန်တွင် ရေကူးသင်တန်းစသည့် အားကစားအခြေခံသင်တန်းနည်း ၂၁ မျိုးတို့ကို သက်ဆိုင်ရာနည်းပြများက စနစ်တကျလေ့ကျင့်သင်ကြားပေးလျက်ရှိပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မန္တလေးတိုင်း၊ ခရိုင်အလုပ် အမှုဆောင်များ၊ တိုင်းအား/ကာမှ တာဝန်ရှိသူများက သင်တန်းများကို လိုက်လံကြည့်ရှုအားပေး၍ လိုအပ်သည်များ ဖြည့်ဆည်းပေးလျက်ရှိသည်။ **(၁၁၃)**

ဖေဖော်ဝါရီ ၁၅ ရက်က ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ မြို့ပတ်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဌေး၊ တာဝန်ခံ ဦးဝင်းမြင့်ဟန်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးသန်းဇော်စိုးတို့ ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

တောင်သူများ လက်တွေ့ နွေစပါးနှင့်ပဲမျိုးစုံ သီးနှံဘက်စုံကာကွယ်ရေးသင်တန်းဖွင့်

ညောင်တုန်း ဧပြီ ၁၂

တောင်သူလယ်သမားများ လက်တွေ့စိုက်ပျိုးလျက်ရှိသော နွေစပါးနှင့် ပဲမျိုးစုံ ဘက်စုံကာကွယ်နိုင်ရေး၊ မိမိတို့၏ စိုက်ကွင်းပြဿနာများ ကို မိမိတို့ကိုယ်တိုင်သိရှိပြီး ဖြေရှင်းဆောင်ရွက်နိုင်ရေး၊ တောင်သူမှ တောင်သူသို့ နည်းပညာပြန့်ပွားစေရေးတို့အတွက် ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာအုပ်စု စိုက်ပျိုးပညာပေးစခန်းတွင် တောင်သူလက်တွေ့ နွေစပါးနှင့်ပဲမျိုးစုံ သီးနှံဘက်စုံ ကာကွယ်ရေးသင်တန်းကို ဖေဖော်ဝါရီ ၄ရက်ကစတင်၍ လေးလတာ ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိရာ တောင်သူလယ်သမား ၃၀ တက်ရောက်လျက်ရှိသည်။

အဆိုပါသင်တန်းတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းရုံးချုပ် သီးနှံကာကွယ်ရေး ဒုတိယအထွေထွေမန်နေဂျာ ဦးမျိုးမြင့်၊ ဧရာဝတီတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ မအူပင်ခရိုင် မန်နေဂျာနှင့်တာဝန်ရှိသူများ၊ မြို့နယ်မန်နေဂျာနှင့် တာဝန်ရှိသူများက သီးနှံရာသီတစ်လျှောက် စာတွေ့လက်တွေ့ သင်တန်းပို့ချလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ) (၀၉၈)**

ကျန်းမာရေး အသိပညာပေးဟောပြော

နွားထိုးကြီး ဧပြီ ၂

ကျေးလက်ဒေသနေ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ရန်အတွက် နွားထိုးကြီးမြို့နယ် ကျန်းမာရေးကော်မတီ၏ စီမံချက်အရ သူစိုးတိုက်နယ်ဆေးရုံမှ တိုက်နယ်ဆရာဝန် ဒေါ်လွဲ့လွဲ့မြတ် ဦးဆောင်သော ကျန်းမာရေးအဖွဲ့သည် မတ် ၂၁ ရက် မွန်းလွဲ ၁ နာရီက ပြရာချောင်းကျေးရွာ အုပ်စုကျေးရွာ ရုံးခန်းမတွင် ကျန်းမာရေး အသိပညာပေး ဟောပြောပွဲနှင့် အခမဲ့ ဆေးဝါးကုသပေးခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ကြသည်။

မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအလုပ်အမှုဆောင် ဒေါ်မြလေးက အမျိုးသမီးများနှင့်ပတ်သက်သော ကျန်းမာရေးအကြောင်း ဟောပြောပြီး တိုက်နယ်ဆရာဝန် ဒေါ်လွဲ့လွဲ့မြတ်က အထွေထွေရောဂါလူနာ ၇၅ ဦးတို့ကို အခမဲ့ဆေးဝါး ကုသပေးသည်။

ထို့နောက် ပြရာချောင်းကျေးရွာတွင် စိုက်ပျိုးထားသော ကြက်ဆူပင်ပျိုးခြံနှင့် အိမ်ထောင်စုအလိုက် စိုက်ပျိုးထားသော ကြက်ဆူပင်များ အခြေအနေကို ကွင်းဆင်းစစ်ဆေး ကြည့်ရှုကြသည်။ (၂၁၃)

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)ကျောက်ဆည်တက္ကသိုလ်

ဒုတိယအကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၁။ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ကျောက်ဆည်တက္ကသိုလ်မှ ကြီးမှူးကျင်းပခဲ့သည့် ဘွဲ့ရ စာမေးပွဲအသီးသီးကို အောင်မြင်ပြီး ဘွဲ့နှင်းသဘင် တက်ရောက်ရန် လျှောက်ထားကြသူများ အတွက် ကျောက်ဆည်တက္ကသိုလ် ဒုတိယအကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ၆-၅-၂၀၀၆ ရက်တွင် ၎င်းတက္ကသိုလ် ပင်မလေးထပ်ဆောင်ခန်းမ၌ နံနက်ပိုင်းတွင် တစ်ကြိမ်၊ မွန်းလွဲပိုင်းတွင် တစ်ကြိမ်၊ နှစ်ကြိမ်ခွဲ၍ ကျင်းပမည်ဖြစ်ပါသဖြင့် ယှဉ်တွဲဖော်ပြပါ အစီအစဉ်အတိုင်း တက်ရောက်ကြရန် ကြေညာလိုက်ပါသည်။

ဘွဲ့နှင်းသဘင် ၆-၅-၂၀၀၆ ရက်
ပထမပိုင်းအစီအစဉ်
နံနက်(၉:၀၀)နာရီမှ (၁၂:၀၀)နာရီအထိ

စဉ်	ဘွဲ့	အထူးပြုဘာသာ
၁။	ဝိဇ္ဇာ/သိပ္ပံဘွဲ့	(က) မြန်မာစာ
		(ခ) အင်္ဂလိပ်စာ
		(ဂ) ဒဿနိကဗေဒ
		(ဃ) ဓာတုဗေဒ
		(င) ရူပဗေဒ
		(စ) သင်္ချာ

ဒုတိယပိုင်းအစီအစဉ်
မွန်းလွဲ(၁:၀၀)နာရီမှ (၄:၀၀)နာရီအထိ

စဉ်	ဘွဲ့	အထူးပြုဘာသာ
၁။	ဝိဇ္ဇာ/သိပ္ပံဘွဲ့	(က) ပထဝီဝင်
		(ခ) သမိုင်း
		(ဂ) အရှေ့တိုင်းပညာ
		(ဃ) သတ္တဗေဒ
		(င) ရုက္ခဗေဒ
		(စ) ဘူမိဗေဒ

ပထမပိုင်းအစီအစဉ်
အစမ်းလေ့ကျင့်ရက် ၅-၅-၂၀၀၆ ရက်နေ့ နံနက် (၉:၀၀)နာရီ
ဒုတိယပိုင်းအစီအစဉ်
အစမ်းလေ့ကျင့်ရက် (၅-၅-၂၀၀၆)ရက်နေ့ မွန်းလွဲ (၁:၀၀)နာရီ

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဘွဲ့တက်ရောက်ယူမည့်သူများအတွက် ဘွဲ့ဝတ်စုံများ ငှားရမ်းခွင့် ထောက်ခံစာများနှင့် ဘွဲ့နှင်းသဘင်တက်ရောက်ခွင့်ပြုသည့်လက်မှတ်/ဧည့်လက်မှတ်များကို ဘွဲ့ကြေးငွေသွင်းပြေစာပြ၍ ကျောက်ဆည်တက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနတွင် အောက်ပါအစီအစဉ်အတိုင်း ထုတ်ယူနိုင်ပါသည်။

ဘွဲ့နှင်းသဘင်ကျင်းပရက်	ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာများ ထုတ်ပေးမည့်ရက်	တက်ရောက်ခွင့်ပြုလက်မှတ် ဧည့်လက်မှတ်များ ထုတ်ပေးမည့်ရက်
၆-၅-၂၀၀၆ ရက်	၂-၅-၂၀၀၆ ရက်မှ ၄-၅-၂၀၀၆ ရက်ထိ	၅-၅-၂၀၀၆ ရက်

မှတ်ချက်။ ။တက်ရောက်ခွင့်လက်မှတ်နှင့် ဧည့်လက်မှတ်များကို အစမ်းလေ့ကျင့်ပွဲ အခမ်းအနားသို့ တက်ရောက်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၃။ ဘွဲ့နှင်းသဘင်အခမ်းအနားနှင့် အစမ်းလေ့ကျင့်ပွဲအခမ်းအနားများတွင် ဘွဲ့တက်ရောက် ယူမည့်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံနှင့် အနောက်တိုင်းဝတ်စုံ(အမျိုးသား)များမှ နှစ်သက်ရာ ဝတ်စုံကို အပြည့်အစုံ ဝတ်ဆင်၍ တက်ရောက်ကြရပါမည်။ အကယ်၍ သတ်မှတ်ထားသည့်အတိုင်း ဝတ်ဆင်ခြင်းမပြုပါက သက်ဆိုင်ရာ အခမ်းအနားများသို့ တက်ရောက် ခွင့်ပြုမည်မဟုတ်ပါ။

အေးမြစမ်းကြည်
မော်ကွန်းထိန်း
စာမေးပွဲနှင့် ဘွဲ့နှင်းဌာန၊ ကျောက်ဆည်တက္ကသိုလ်။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ပုသိမ်မြို့ မြတ်ပန်းဧရာရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ အောက်ပါပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်သဖြင့် ချိတ်ပိတ်တင်ဒါများ ပေးသွင်း နိုင်ကြောင်း ကြေညာအပ်ပါသည်-

အခန်းအမှတ်(၂၈) အမှတ် ၂၆၂-၂၈၆ ကုန်ဈေးတန်းလမ်း ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ (ရေမီး၊ ဖုန်းပါ) တိုက်ခန်း။

၂။ တင်ဒါတင်သွင်းရန် နောက်ဆုံးရက်	၂၆-၄-၂၀၀၆ (ရုံးချိန်အတွင်း)
၃။ တင်ဒါပေးသွင်းမည့်နေရာ	အခန်းအမှတ် (၂၈) အမှတ် (၂၆၂)၊ (၂၈၆) ကုန်ဈေးတန်းလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့။ (လူကိုယ်တိုင် လာရောက်ပေးသွင်းရန်)
၄။ တင်ဒါဖွင့်မည့်ရက်နှင့်နေရာ	၂၇-၄-၂၀၀၆ (၁၂:၀၀)နာရီ အခန်းအမှတ် (၂၈) အမှတ် (၂၆၂)၊ (၂၈၆) ကုန်ဈေးတန်းလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့။

၅။ ဝယ်ယူလိုသူများသည် တင်ဒါတစ်စုံလျှင် ကျပ်(၅၀၀၀/-)နှုန်းဖြင့် တင်ဒါပေးသွင်းရမည့် နေရာတွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းများနှင့် အသေးစိတ်သိလိုသောအချက်များရှိပါက မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ရင်းနှီးပစ္စည်းထုခွဲရောင်းချရေးကော်မတီ၊
ပုသိမ်မြို့။
ဖုန်း ၀၄၂-၂၄၃၂၈၊ ၀၄၂-၂၁၁၆၁ ။

ငြင်းချက်ထုတ်ရန် သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒုပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၄၉၉

တရားလိုများ		တရားပြိုင်များ
၁။ ဒေါက်တာကျော်ဇော	**နှင့်**	၁။ ဒေါ်ရှုပ်ဒါဘီဘီ(ခ)မိုမင်း
၂။ ဦးခွန်ယု		၂။ အက်စ်အမ်နဆင်း
(၎င်းတို့၏ အခွင့်ရကိုယ်စားလှယ် ဦးအုန်းမောင်)		၃။ အာရှာဘီ(ခ)မစန်းစန်းဝင်း
		၄။ နာဇနင်ဖာတမာ(ခ)မရီရီဝင်း
		၅။ မစိမ်းလဲ့အေး(ခ)ဆယ်လ်မာဘီ
		၆။ မာဂျူး(ခ)နာဆရင်း
		၇။ ဦးအုစိမန်(ခ)အုစမန်
		၈။ ဦးအဘတ်(စ်)၊ ၉။ ဒေါ်ရာဘီရာဘီဘီ
		၁၀။ ဒေါ်စကီနာဘီဘီ
		၁၁။ ဒေါ်ရဇီယာဘီဘီ
		၁၂။ ဦးတင်ရွှေ၊ ၁၃။ ဒေါ်နီနီ
		၁၄။ ဒေါ်ဟနီဖာဘီဘီ
		၁၅။ ဒေါ်ရှုကီယာဘီဘီ၊ ၁၆။ ဦးရွှေမြင့်
		၁၇။ ဦးမောင်မောင်၊ ၁၈။ ဒေါ်ခင်ထွေး
		၁၉။ ဦးမောင်မောင်(၂)၊ ၂၀။ ဦးမြင့်စိုး

ရန်ကုန်မြို့ မ/ဒဂုံမြို့နယ် (၅)ရပ်ကွက်၊ မြဝတီမင်းကြီးလမ်း၊ အမှတ်-၉၈၀ (က)နေ တရားပြိုင်အမှတ်(၁၅) ဒေါ်ရှုကီယာဘီဘီနှင့် မရမ်းကုန်းမြို့နယ်၊(၃)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း အမှတ်-၁၆/၅နေ တရားပြိုင်အမှတ်(၁၉)ဦးမောင်မောင်-၂၊ (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင်တို့အပေါ် တရားလိုများက ၂၁-၁၀-၁၉၉၃ ရက် နေ့စွဲပါ မြေအရောင်းအဝယ်ပြုလုပ်ရန် သဘောတူကတိစာချုပ်၊ ကတိပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု လျှောက်ထား စွဲဆိုချက် ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှေ့နေ အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် အမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ၊ ၂၀၀၆ ခုနှစ် ဧပြီလ၂၅ ရက်(၁၃၆၈ ခုနှစ်၊ တန်ခူးလပြည့်ကျော်၁၃ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားစွဲဆို ချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်နုတ်၍ တစ်ဖက်သတ်စစ်ဆေး ဆောင်ရွက်မည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။ ၎င်းအပြင် ကြည့်ရှုလိုသည့် စာရွက်စာတမ်းများအနက် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်သွင်းပို့လိုက်ရမည်။ သင်ကထုချေရာတွင် တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၆ ခုနှစ် ဧပြီလ၅ရက်နေ့တွင် ဤတိုင်းတရားရုံးတံဆိပ် ရိုက်နှိပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

စစ်တင်
တွဲဖက်တိုင်းတရားသူကြီး(၁၆)၊ ရန်ကုန်တိုင်းတရားရုံး။

အင်္ဂလိပ်စာ

အခြေခံကောင်းရလိုသူနှင့် ဂုဏ်ထူးရလိုသောသူများ ဆက်သွယ်ပါ။

ဒေါ်သန်းသန်းဝင်း
M. A-(ENGLISH)
ဖုန်း- ၅၆၁၁၀၇။

အမည်ပြောင်း

ဦးကျော်ကိုအောင်၏သား မောင်ကောင်းမြတ်သွင် ၁၂/သဃက (နိုင်) ၁၆၂၁၈၈ အလက(၄)ဒဂုံတောင်အား မောင်ကောင်းမြတ်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကောင်းမြတ်ကျော်။**

အမည်ပြောင်း

ဦးကျော်ကိုအောင်၏သမီး မခိုင်စုစုလွင် အလက (၄)တောင်ဥက္ကလာ ပဋ္ဌမတန်း(A)အား မခိုင်စုအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မခိုင်စုအောင်။**



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း တိုးချဲ့မြေကွက်သစ်ဝယ်ယူရန်အတွက် ဧပြီ ၅ ရက်က ရွှေတောင်မြို့ တိလောကာရုံကျောင်း ဆရာတော် ဦးနန္ဒိယနှင့် တပည့်ဒါယကာ ဒါယိကာမများက အလှူငွေကျပ်ငါးသိန်းကို ရန်ကုန်မြို့ မြေနီကုန်းကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတွင် အကျိုးတော်ဆောင်ဆရာတော်ဒေါက်တာအရှင်သောပါက (ဇေတဝန်မဇ္ဈာရုံကျောင်း)ရှေ့မှောက်၌ တာဝန်ခံ ဦးထွန်းရွှေထံ ဧပြီ၅ ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောရွှေ၊ တာဝန်ခံအင်ဂျင်နီယာ ဦးတင်အောင်ဌေးနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်း၍ ဧပြီ ၁ ရက်က မြို့အဝင် ရန်ကုန်-မော်လမြိုင်လမ်းမ တစ်လျှောက် ချုံနွယ်များ ရှင်းလင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ရေလယ်ကျွန်း ရွှေဘုန်းပွင့်စေတီ ဗုဒ္ဓါဘိသေက မင်္ဂလာပွဲကျင်းပမည်

မဒေါက် ဧပြီ ၅

ညောင်လေးပင်မြို့နယ် မဒေါက်မြို့ သောင်ကြီးကျေးရွာရှိ ရေလယ်ကျွန်း ရွှေဘုန်းပွင့်စေတီတော်မြတ်တွင် ရန်ကုန်တိုင်းသင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏနေဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝ ဦးဆောင်၍ ဂေါပကအဖွဲ့ဝင်များနှင့် ကျေးရွာစေတနာရှင်များ စုပေါင်း၍ ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓါဘိသေက မင်္ဂလာပွဲ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

ယဉ်ကျေးမှုသင်တန်းဆင်းပွဲ မော်ကျွန်း၌ကျင်းပ သင်တန်းဆိုင်ရာ လုပ်ငန်းများရှင်းလင်း

မော်လမြိုင်ကျွန်း ဧပြီ ၁၂

မော်လမြိုင်ကျွန်းမြို့နယ် သံဃနာယကအဖွဲ့က ကြီးမှူးကျင်းပသော ပထမအကြိမ် ယဉ်ကျေးမှု သင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ၁၀ရက် နံနက် ၇နာရီက မော်လမြိုင်ကျွန်းမြို့နယ် လပွတ္တာလုတ်ကြီးကျေးရွာ ရွာမဓမ္မာရုံခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်ဘဒ္ဒန္တသုဇာတာလင်္ကာရနှင့် လပွတ္တာလုတ်ကြီး ချောင်းဝဆရာတော်ဘဒ္ဒန္တခေမာနန္ဒာတို့က ဩဝါဒကထာချီးမြှင့်ပြီး သင်တန်းနည်းပြ ဦးမင်းဇင်က ယဉ်ကျေးမှုသင်တန်း ဖွင့်လှစ်ရခြင်းနှင့် သင်တန်းဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ယဉ်ကျေးမှုသင်တန်းမှ သင်တန်းသူသင်တန်းသား ၁၇၅ ဦးတို့အား သင်တန်းဆင်းလက်မှတ်များကို ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် သင်တန်းနည်းပြဆရာများက ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ယဉ်ကျေးမှု သင်တန်းကာလမှာ မတ် ၁၄ ရက်မှ ဧပြီ ၁၀ ရက် အထိ ၂၈ ရက် ကြာမြင့်ခဲ့သည်။ (၀၉၇)

တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် သာသနာ့နယ်မြေ(၁)ဝိုင်း မိဘမဲ့သာသနာ့ရက္ခိတ ဘုန်းတော်ကြီးသင်ကျောင်းတွင် မိဘမဲ့ကလေးငယ်များအတွက် ငွေကျပ်သိန်း ၂၀ ပေးအပ်လှူဒါန်းပွဲကို ဧပြီ၈ရက်က ကျင်းပရာ အလှူရှင်များဖြစ်ကြသော ဦးဗစ်တာလင်းနှင့်ဇနီးဇူဇန်၊ သမီးလဗင်ဒါ၊ ဦးထွန်းဝင်းထွန်းနှင့်ဇနီး ဒေါ်နှင်းဝတ်ရည်၊ သမီးရှင်းသန့်သန့်ဦး၊ စိုင်းထင်လင်းသောင်းတို့၏ကိုယ်စား အဆိုတော် R°ဇာနည်နှင့်ဇနီး၊ အလှူရှင်များ၏ မိဘဆွေမျိုးညီအစ်ကို မောင်နှမတို့က ဆရာတော်ဦးဇောတိကထံ အလှူငွေများ ဆက်ကပ်လှူဒါန်းကြစဉ်။ (၂၀၀)

မောင်တောမြို့နယ် အမှတ်(၃)ရပ်ကွက် သံကူကွန်ကရစ်တံတားဖွင့်ပွဲကို မတ် ၂၅ ရက်က ကျင်းပရာ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးသိန်းထွန်းဦး၊ မြို့နယ်ဥက္ကဋ္ဌဗိုလ်ကြီးနီအောင်နှင့် အမှုဆောင်အရာရှိ ဦးဘမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အခွန်လွတ်ဈေးများ စစ်ဆေး အလေးချိန်ခွင်များမှန်ကန်ရေး ကြပ်မတ်ရန်မှာကြား

ရန်ကုန် ဧပြီ ၁၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့နှင့်အတူ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

စာမျက်နှာ ၈ ကော်လံ ၅ ✡

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ တာမွေကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သင်္ကြန်အကျနေ့ နေပြည်တော်မြို့တော်သာသာယာယာ

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (သင်္ကြန်အကျနေ့)၌ အများအားဖြင့် သာယာနေမည်။

NCGUB၊ FTUB၊ ABSDF၊ NLD-LA တို့ တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ အုပ်စုဖွဲ့၍သော်လည်းကောင်း အပြစ်မဲ့ပြည်သူများ သေကျေပျက်စီးရန်နှင့် အထိတ်တလန့်ဖြစ်စေရန် မိုင်းထောင်ဗုံးခွဲ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲစေရန် မမှန်မကန်ဝါဒဖြန့် ပြည်သူအတွင်း အကြမ်းဖက်မှုများ ထပ်မံဖြစ်ပေါ်လာရန် လုပ်ဆောင်

ထိုအဖွဲ့အစည်းများနှင့် အဖွဲ့ဝင်များအား အကြမ်းဖက်သူများဖြစ်ကြောင်း ကြေညာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန
ကြေညာချက်အမှတ်(၁/၂၀၀၆)
နေပြည်တော်မြို့တော်၊ ၁၃၆၇ ခုနှစ်၊ နှောင်းတန်ခူးလပြည့်နေ့
(၂၀၀၆ ခုနှစ်၊ ဧပြီလ ၁၂ ရက်)
အကြမ်းဖက်သူများအဖြစ်ကြေညာခြင်း

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ပြည်သူတစ်ရပ်လုံးက စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်လျက်ရှိစဉ် အဖွဲ့အစည်းအချို့သည် အပြစ်မဲ့ပြည်သူလူထုအား သွေးထွက်သံယို သေကျေပျက်စီးစေခြင်းနှင့် အထိတ်တလန့်ဖြစ်စေရန် မိုင်းထောင်ဗုံးခွဲခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲစေရန် မမှန်မကန်ဝါဒဖြန့်ခြင်း၊ နိုင်ငံတော်အားအဘက်ဘက်မှ အထင်အမြင်လွဲမှားစေရန် အမှန်တကယ်ဖြစ်ပျက်ခဲ့ခြင်းမရှိသော ဖြစ်စဉ်ဖြစ်ရပ်များကို လိမ်လည်အမှုဆင်၍ လုပ်ကြံဖန်တီးဆောင်ရွက်ခြင်းနှင့် အထက်ပါလုပ်ရပ်များအတွက် နောက်ကွယ်မှ ငွေကြေးထောက်ပံ့ခြင်း၊ ကြိုးကိုင်ညွှန်ကြားခြင်းတို့ဖြင့် နိုင်ငံတော်နှင့်ပြည်သူကို အကြမ်းဖက်နှောင့်ယှက် တိုက်ခိုက်လျက်ရှိပါသည်။

၂။ အကြမ်းဖက်အဖွဲ့အစည်းအချို့၏ ရက်စက်ယုတ်မာသော ဖောက်ခွဲဖျက်ဆီးခြင်းဖြစ်စဉ်များအနက်မှ အချို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ၂၇-၃-၂၀၀၃ ရက်နေ့ ၀၆၂၅ အချိန် ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ်ရှိ မဟာဗန္ဓုလပန်းခြံအဝင် ဂိတ်အနီးတွင် အလျားသုံးလက်မခန့်ရှိသော TNT ယမ်းသုံး ချိန်ကိုက်မိုင်းတစ်လုံးအား တွေ့ရှိစစ်ဆေးစဉ် ပေါက်ကွဲသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးဒဏ်ရာရရှိခဲ့ပါသည်။ ၎င်းနေ့ ၁၂၅၅ အချိန်တွင် ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်းရှိ မြန်မာ့ဆက်သွယ်ရေးရုံးအနီးတွင် စည်ပင်သာယာဌာနမှ သန့်ရှင်းရေးဆောင်ရွက်နေစဉ် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် စည်ပင်သာယာလုပ်သား အောင်ထွန်းရွှေ (၁၈)နှစ်မှာ မိုင်းစထိမှန်သေဆုံးခဲ့ရပြီး စည်ပင်သာယာလုပ်သားများ ဖြစ်ကြသော အောင်ဌေး၊ လှဌေးနှင့် မအေးစန်းတို့ သုံးဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြပါသည်။ ဖမ်းဆီးရမိထားသော ၂၁ ရာစု ပြည်သူ့စွမ်းအားအဖွဲ့ People Power 21stCentury(PP 21)တပ်ဖွဲ့ဝင်များ၏ ထွက်ဆိုချက်အရ ၎င်းတို့အဖွဲ့က ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရပါသည်။ PP 21အဖွဲ့မှာ ၁၉၉၈ ခုနှစ်တွင် တစ်ဖက်နိုင်ငံ ချင်းမိုင်မြို့၌ ပြည်ပြေးစိန်ဝင်း ဦးစီးသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြည်ပြေးများ၊ မိုးသီးဇွန် ဦးစီးသည့် All Burma Students Democratic Front(ABSDF)မှ သောင်းကျန်းသူများဖြင့် စုပေါင်းဖွဲ့စည်းထားသော အကြမ်းဖက်အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။

စာမျက်နှာ ၉ ကော်လံ ၁ ■